


VOLUME I, ISSUE 23 21 February 2022



| ★ | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|
| ၁ | နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ရှမ်းပြည်နယ်(အရှေ့ပိုင်း)နှင့် (တောင်ပိုင်း)တို့ရှိ ပြည်နယ်၊ ခရိုင်၊ မြို့နယ်အဆင့် ဌာနဆိုင်ရာတာဝန်ရှိသူများနှင့် မြို့မိမြို့ဖများအား တွေ့ဆုံ | ၁ |
| ၂ | နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ကျိုင်းတုံဟော်နန်းပုံစံတူ တည်ဆောက်ရေးလုပ်ငန်း ရတနာအုတ်မြစ်တော်စီအခမ်းအနားသို့ တက်ရောက် | ၇ |
| ၃ | နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် တြိဂံဒေသတိုင်းစစ်ဌာနချုပ်၏ စစ်ဦးစီး၊ စစ်ရေး၊ စစ်ထောက်ဆိုင်ရာ ဆောင်ရွက်နေမှုအခြေအနေများကိုစစ်ဆေး | ၁၁ |
| ၄ | နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် တြိဂံဒေသတိုင်းစစ်ဌာနချုပ်နှင့် အရှေ့အလယ်ပိုင်းတိုင်းစစ်ဌာနချုပ်တို့ရှိ တပ်နယ်အသီးသီးမှ အရာရှိ၊ စစ်သည်မိသားစုဝင်များအား တွေ့ဆုံအမှာစကားပြောကြား | ၁၃ |
| ၅ | နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် မျိုးစေ့ပြပွဲ ၂၀၂၂ (Seed Fair 2022) ဖွင့်ပွဲအခမ်းအနားသို့ တက်ရောက်ဖွင့်လှစ်ပြီး အမှာစကားပြောကြား | ၂၀ |

| ★ | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|
| ၆ | နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်က (၇၄)နှစ်မြောက် ချင်းအမျိုးသားနေ့ အခမ်းအနားသို့ ပေးပို့သည့်သဝဏ်လွှာကောက်နုတ်ချက် | ၂၄ |
| ၇ | နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်း နိုင်ငံအဆင့်ပင်လယ်ကမ်းရိုးတန်း သယံဇာတစီမံအုပ်ချုပ်လုပ်ကိုင်မှုဗဟိုကော်မတီ ဒုတိယအကြိမ် အစည်းအဝေးသို့ တက်ရောက်အမှာစကားပြောကြား | ၂၅ |
| ၈ | နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်း ကိုဗစ်-၁၉ ရောဂါ ထိန်းချုပ်ရေးနှင့် အရေးပေါ်တုံ့ပြန်ရေးကော်မတီ လုပ်ငန်းညှိနှိုင်းအစည်းအဝေးသို့ တက်ရောက်အမှာစကားပြောကြား | ၂၇ |
| ၉ | နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်း တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေး ဦးဆောင်ကော်မတီအစည်းအဝေး (၁/၂၀၂၂) သို့ တက်ရောက်အမှာစကားပြောကြား | ၂၉ |
| ၁၀ | အာဆီယံနိုင်ငံခြားရေးဝန်ကြီးများ၏ သီးသန့်အစည်းအဝေးကျင်းပခြင်းအပေါ် နိုင်ငံခြားရေးဝန်ကြီးဌာန၏ သတင်းထုတ်ပြန်ချက် | ၃၁ |
| ၁၁ | ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်က နိုင်ငံရေးပါတီများအား ရွေးကောက်ပွဲကော်မရှင်ဥပဒေနှင့်အညီ စစ်ဆေး | ၃၃ |
| ၁၂ | ပြည်ထောင်စုဝန်ကြီး ဦးအောင်နိုင်ဦး South Asia Future Investment Group Pte.Ltd မှ ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များကို တွေ့ဆုံ | ၃၄ |
| ၁၃ | ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်း ဂျပန်နိုင်ငံ Mainichi သတင်းစာမှ သတင်းထောက် Ms. Kana Takagi ၏ မေးမြန်းမှုများအား ဖြေကြား | ၃၆ |
| ၁၄ | အာဆီယံအားကစားဆိုင်ရာ အမျိုးသမီးများပူးပေါင်းပါဝင်မှုမြှင့်တင်ရေး ဖိုရမ်ကျင်းပ | ၃၉ |
| ၁၅ | ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးလုပ်ငန်းများအား တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးတွင် ဆက်လက်ဆောင်ရွက်လျက်ရှိ | ၄၀ |
| ၁၆ | PDF အကြမ်းဖက်သမားများက ဆုတ်ခွာထွက်ပြေးစဉ် နေအိမ်များအား မီးရှို့ဖျက်ဆီးခံရသည့် ကျေးရွာများသို့ တာဝန်ရှိသူများက သွားရောက်တွေ့ဆုံအားပေး | ၄၂ |
| ၁၇ | ရေဦးမြို့နယ်၌ PDF အကြမ်းဖက်သမားများက သံဃာတော်တစ်ပါးအား ဖမ်းဆီးခေါ်ဆောင်၍ ရက်စက်စွာသတ်ဖြတ် | ၄၅ |

| ★ | အကြောင်းအရာ | စာမျက်နှာ |
| --- | --- | --- |
| ၁၈ | သထုံမြို့မဈေးအတွင်း PDF အကြမ်းဖက်သမားများက လက်လုပ်ချိန်ကိုက်မိုင်းဖြင့် ဖောက်ခွဲမှုကြောင့် အပြစ်မဲ့ပြည်သူများ ထိခိုက်ဒဏ်ရာရရှိ၍ ဈေးဆိုင်ခန်း အများအပြားပျက်စီး | ၄၆ |
| ၁၉ | အကြမ်းဖက်အုပ်စုအဖြစ်ကြေညာထားသော CRPH၊ NUG နှင့် ယင်းတို့၏ လက်ဝေခံများ၏ လှုံ့ဆော်၊ ဝါဒဖြန့်ခြင်းများအားလိုက်ပါလုပ်ဆောင်ခြင်း၊ အကြမ်းဖက်လုပ်ရပ်များ အားပေးကူညီခြင်း ပြုလုပ်ခဲ့သူများအား ဆက်လက်ဖော်ထုတ်အရေးယူ | ၄၇ |

# Information Sheet

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ရှမ်းပြည်နယ်(အရှေ့ပိုင်း)နှင့် (တောင်ပိုင်း)တို့ရှိ ပြည်နယ်၊ ခရိုင်၊ မြို့နယ်အဆင့် ဌာနဆိုင်ရာတာဝန်ရှိသူများနှင့် မြို့မိမြို့ဖများအား တွေ့ဆုံ



**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ရှမ်းပြည်နယ်(အရှေ့ပိုင်း) မိုင်းခတ်မြို့နယ်တွင် တာဝန်ထမ်းဆောင်လျက်ရှိသည့် ဌာနဆိုင်ရာတာဝန်ရှိသူများနှင့် မြို့မိမြို့ဖများအား တွေ့ဆုံအမှာစကားပြောကြားနေမှု**

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်သည် ကာကွယ်ရေးဦးစီးချုပ်ရုံးမှ တပ်မတော်အရာရှိကြီးများနှင့် တာဝန်ရှိသူများလိုက်ပါ၍ ရှမ်းပြည်နယ်(အရှေ့ပိုင်း)နှင့် (တောင်ပိုင်း)တို့ရှိ ပြည်နယ်၊ ခရိုင်၊ မြို့နယ်အဆင့် ဌာနဆိုင်ရာတာဝန်ရှိသူများနှင့် မြို့မိမြို့ဖများအား သွားရောက်တွေ့ဆုံခဲ့ပါသည်။

- ဖေဖော်ဝါရီလ ၁၆ ရက်တွင် ရှမ်းပြည်နယ်(အရှေ့ပိုင်း) မိုင်းခတ်မြို့နယ်နှင့် မိုင်းယောင်းမြို့နယ်တို့တွင် တာဝန်ထမ်းဆောင်လျက်ရှိသည့် ဌာနဆိုင်ရာတာဝန်ရှိသူများနှင့် မြို့မိမြို့ဖများအားလည်းကောင်း။
- ဖေဖော်ဝါရီလ ၁၇ ရက်တွင် ရှမ်းပြည်နယ်(အရှေ့ပိုင်း) ကျိုင်းတုံမြို့နယ်၊ မိုင်းပျဉ်းမြို့နယ်နှင့် ရှမ်းပြည်နယ် (တောင်ပိုင်း) လွိုင်လင်ခရိုင်၊ နမ့်စန်မြို့နယ်နှင့် ခိုလမ်မြို့တို့တွင် တာဝန်ထမ်းဆောင်လျက်ရှိသည့် ဌာနဆိုင်ရာတာဝန်ရှိသူများနှင့် မြို့မိမြို့ဖများအားလည်းကောင်း။
- အဆိုပါမြို့နယ်များရှိ မြို့နယ်ခန်းမများ၊ အထွေထွေအုပ်ချုပ်ရေးမှူးရုံးခန်းမများ၌ သီးခြားစီတွေ့ဆုံခဲ့ပါသည်။

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်က ဒေသဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာများအား ဆွေးနွေးပြောကြားရာတွင်-

- ဒေသအတွင်းလာရောက် တာဝန်များကိုထမ်းဆောင်နေကြသည့် ဌာနဆိုင်ရာဝန်ထမ်းများ၊ နယ်မြေခံတပ်များနှင့် ဒေသခံပြည်သူလူထုတို့ လက်တွဲညီညီဆောင်ရွက်ပြီး ဒေသနှင့် ဒေသခံပြည်သူလူထု၏ လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်စေရေး ဝိုင်းဝန်းပူးပေါင်းဆောင်ရွက်ပေးနိုင်ရမည်ဖြစ်ကြောင်း။
- လျှပ်စစ်ဓာတ်အား လုံလောက်စွာရရှိရေးအတွက် လျှပ်စစ်ဓာတ်အား ထုတ်လုပ်ရေးစီမံကိန်းများကို ဆက်လက်အကောင်အထည်ဖော် ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း။
- နိုင်ငံသားစိစစ်ရေးကတ်ပြားများ၊ အိမ်ထောင်စုစာရင်းများ စစ်ဆေးဆောင်ရွက်ရာ၌ တိုင်းရင်းသားမဟုတ်ဘဲ နိုင်ငံ



**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ရှမ်းပြည်နယ်(အရှေ့ပိုင်း) မိုင်းယောင်းမြို့နယ်တွင် တာဝန်ထမ်းဆောင်လျက်ရှိသည့် ဌာနဆိုင်ရာတာဝန်ရှိသူများနှင့် မြို့မိမြို့ဖများအား တွေ့ဆုံအမှာစကားပြောကြားနေမှု**

သားစိစစ်ရေးကတ်ပြားများ ရယူကိုင်ဆောင်ထားခဲ့သည်ကို တွေ့ကြုံခဲ့ရကြောင်း၊ ယခုအခါ ပန်းခင်းစီမံချက်ဖြင့် နိုင်ငံသားစိစစ်ရေးကတ်ပြားများပြုလုပ်ပေးရာတွင် တာဝန်ရှိသူများအနေဖြင့် စနစ်တကျ ကြပ်မတ်ဆောင်ရွက်ကြရန်လိုကြောင်း။

- မိမိအနေဖြင့် အမျိုးသားရည်မှန်းချက်များချမှတ်ထားပြီး အမျိုးသားရေးလုပ်ငန်းစဉ် ၂ ခုအဖြစ် တိုင်းပြည်သာယာဝပြောရေးနှင့် စား၊ ရေ၊ ရိက္ခာ ဖူလုံရေးကို ဦးစားပေးလုပ်ဆောင်လျက်ရှိကြောင်း။

- နိုင်ငံရေးလုပ်ငန်းစဉ် ၂ ခုအဖြစ် စစ်မှန်စည်းကမ်းပြည့်ဝသည့် ပါတီစုံဒီမိုကရေစီစနစ်ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့်ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုတည်ဆောက်သွားမည်ဖြစ်ကြောင်း၊

- ထိုသို့ ဆောင်ရွက်ရန်အတွက် ငြိမ်းချမ်းရေးသည်အရေးကြီးသဖြင့် ငြိမ်းချမ်းရေးနှင့် အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေးလုပ်ငန်းစဉ်ကိုလည်း ချမှတ်ဆောင်ရွက်လျက်ရှိကြောင်း။

- ရှမ်းပြည်နယ်(အရှေ့ပိုင်း)တွင် ဘာသာစကားဆိုင်ရာ အခက်အခဲများနှင့် အခြားသောအကြောင်းအမျိုးမျိုးကြောင့် ပညာရေးအားနည်းနေသည်ကို တွေ့ရှိရပြီး ဒေသဖွံ့ဖြိုးတိုးတက်ရေးအတွက် ပညာရေးကိုအားပေးရန်လိုကြောင်း။

- မိုင်းယောင်းဒေသသည် ရှမ်းပြည်နယ်(အရှေ့ပိုင်း)၏ စပါးကျီဖြစ်ပြီး စပါးအပြင် အခြားသီးနှံများ စိုက်ပျိုးမှုများကိုလည်း လုပ်ဆောင်နိုင်ရမည်ဖြစ်ကြောင်း၊ ရေခံမြေခံကောင်းပြီးဖြစ်သဖြင့် အရည်အသွေးပြည့်မီသည့် ဆန်ထွက်ကုန်များကို ထုတ်လုပ်နိုင်ရန်လိုကြောင်း။

- မိုးတွင်း၌သာမက အခြားရာသီများတွင်လည်း ရေသွင်းစိုက်ပျိုးနိုင်အောင် ဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ ထိုမှတစ်ဆင့် စိုက်ပျိုးရေးကို အခြေခံသည့် စက်မှုလုပ်ငန်း Agricultural Base Industry သို့ သွားနိုင်ရေး လုပ်ဆောင်ရမည်ဖြစ်ကြောင်း။

- စီးပွားရေးကောင်းမွန်အောင်ဆောင်ရွက်ရာတွင် ရေခံမြေခံကောင်းမွန်ပြီးဖြစ်သဖြင့် စိုက်ပျိုးရေးနှင့်မွေးမြူရေးလုပ်ငန်းများကို စနစ်တကျဖြင့် ဆောင်ရွက်၍ရကြောင်း၊ ထိုသို့



**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ရှမ်းပြည်နယ်(အရှေ့ပိုင်း) ကျိုင်းတုံမြို့နယ်တွင် တာဝန်ထမ်းဆောင်လျက်ရှိသည့် ဌာနဆိုင်ရာတာဝန်ရှိသူများနှင့် မြို့မိမြို့ဖများအား တွေ့ဆုံအမှာစကားပြောကြားနေမှု**

ဆောင်ရွက်နိုင်ရန်အတွက် အသိပညာနှင့်အတတ်ပညာများလိုအပ်သဖြင့် ပညာရေးကိုအားပေးရန်လိုကြောင်း။

- ပညာရေးနှင့်ကျန်းမာရေးဝန်ထမ်းများသည် ပညာရပ်ဆိုင်ရာများအလိုက် မွေးထုတ် ပေးထားသည့်ဝန်ထမ်းများဖြစ်ကြောင်း၊ နိုင်ငံရေးအခြေအနေကြောင့် CDM ပြုလုပ်သွားသည့်ပညာရေးနှင့် ကျန်းမာရေးဝန်ထမ်းများကို ဝန်ထမ်းစည်းမျဉ်းစည်းကမ်းအရ တာဝန်ပြန်လည်ထမ်းဆောင်ရေးအတွက်လည်း တိုက်တွန်းဆောင်ရွက်လျက်ရှိကြောင်း။
- ယခုကာလတွင် လုံခြုံရေးအရ တည်ငြိမ်အောင်၊ နိုင်ငံရေးအရ ငြိမ်းချမ်းအောင် ဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ နိုင်ငံရေးမတည်ငြိမ်မှုများရှိပါက နိုင်ငံတိုးတက်မှုရှိမည်မဟုတ်ကြောင်း။
- မိမိတို့အနေဖြင့် နိုင်ငံရေး၊ လူမျိုးရေးများနှင့်ပတ်သက်၍ လက်နက်ကိုင်ဆောင်ရွက်ခြင်းကို အားမပေးပါကြောင်း၊ ဒီမိုကရေစီအရေးဆောင်ရွက်ရာတွင် နိုင်ငံရေးအရ ဆွေးနွေးညှိနှိုင်းအဖြေရှာရေးလမ်းစဉ်ကိုသာ ဆောင်ရွက်ရမည်ဖြစ်ကြောင်း။
- ဒေသတစ်ခု ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဒေသခံပြည်သူလူထုနှင့် ဒေသတွင် လာရောက်တာဝန်ထမ်းဆောင်သည့် အုပ်ချုပ်ရေးဆိုင်ရာတာဝန်ရှိသူများ၊ ဌာနဆိုင်ရာဝန်ထမ်းများအားလုံး ကြိုးပမ်းဆောင်ရွက်ကြရန်လိုကြောင်းဖြင့် ပြောကြားခဲ့ပါသည်။

တွေ့ဆုံပွဲများသို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့်အတူ ခရီးစဉ်တွင်လိုက်ပါလာသည့် အဖွဲ့ဝင်များ၊ ရှမ်းပြည်နယ်ဝန်ကြီးချုပ်၊ တြိဂံဒေသတိုင်းစစ်ဌာနချုပ် တိုင်းမှူးနှင့် တာဝန်ရှိသူများ၊ ကျိုင်းတုံမြို့နယ်၊ မိုင်းပျဉ်းမြို့နယ်၊ မိုင်းခတ်မြို့နယ်၊ မိုင်းယန်းမြို့နယ်၊ မိုင်းယောင်းမြို့နယ်နှင့် ခိုလမ်မြို့နယ်တို့ရှိ ခရိုင်၊ မြို့နယ်အဆင့်ဌာနဆိုင်ရာတာဝန်ရှိသူများနှင့် မြို့မိမြို့ဖများ၊ ရှမ်း၊ လားဟူ၊ အခါတိုင်းရင်းသားယဉ်ကျေးမှုအဖွဲ့များ တက်ရောက်ခဲ့ကြပါသည်။

**(မြဝတီသတင်းစာ ၁၈-၂-၂၀၂၂)**



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ရှမ်းပြည်နယ်(အရှေ့ပိုင်း) မိုင်းပျဉ်းမြို့နယ်တွင် တာဝန်ထမ်းဆောင်လျက်ရှိသည့် ဌာနဆိုင်ရာတာဝန်ရှိသူများ မြို့မိမြို့ဖများအား တွေ့ဆုံအမှာစကားပြောကြားနေမှု

- ဒေသအတွင်းလာရောက် တာဝန်များကိုထမ်းဆောင်နေကြသည့် ဌာနဆိုင်ရာဝန်ထမ်းများ၊ နယ်မြေခံတပ်များနှင့် ဒေသခံပြည်သူလူထုတို့ လက်တွဲညီညီဆောင်ရွက်ပြီး ဒေသနှင့် ဒေသခံပြည်သူလူထု၏လူမှုစီးပွားဘဝ ဖွံ့ဖြိုးတိုးတက်စေရေး ဝိုင်းဝန်းပူးပေါင်းဆောင်ရွက်ပေးနိုင်ရမည်ဖြစ်ကြောင်း။
- လျှပ်စစ်ဓာတ်အားလုံလောက်စွာရရှိရေးအတွက် လျှပ်စစ်ဓာတ်အားထုတ်လုပ်ရေးစီမံကိန်းများကို ဆက်လက်အကောင်အထည်ဖော် ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း။
- နိုင်ငံသားစိစစ်ရေးကတ်ပြားများ၊ အိမ်ထောင်စုစာရင်းများ စစ်ဆေးဆောင်ရွက်ရာ၌ တိုင်းရင်းသားမဟုတ်ဘဲ နိုင်ငံသားစိစစ်ရေးကတ်ပြားများရယူကိုင်ဆောင်ထားခဲ့သည်ကို တွေ့ကြုံခဲ့ရကြောင်း၊ ယခုအခါ ပန်းခင်းစီမံချက်ဖြင့် နိုင်ငံသားစိစစ်ရေးကတ်ပြားများ ပြုလုပ်ပေးရာတွင် တာဝန်ရှိသူများအနေဖြင့် စနစ်တကျကြပ်မတ်ဆောင်ရွက်ကြရန်လိုကြောင်း။
- မိုးတွင်း၌သာမက အခြားရာသီများတွင်လည်း ရေသွင်းစိုက်ပျိုးနိုင်အောင် ဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ ထိုမှတစ်ဆင့် စိုက်ပျိုးရေးကိုအခြေခံသည့် စက်မှုလုပ်ငန်း Agricultural Base Industry သို့ သွားနိုင်ရေး လုပ်ဆောင်ရမည်ဖြစ်ကြောင်း။
- စီးပွားရေးကောင်းမွန်အောင်ဆောင်ရွက်ရာတွင် ရေခံမြေခံကောင်းမွန်ပြီးဖြစ်သဖြင့် စိုက်ပျိုးရေးနှင့်မွေးမြူရေးလုပ်ငန်းများကို စနစ်တကျဖြင့်ဆောင်ရွက်၍ရကြောင်း၊ ထိုသို့ဆောင်ရွက်နိုင်ရန်အတွက် အသိပညာနှင့် အတတ်ပညာများ လိုအပ်သဖြင့် ပညာရေးကိုအားပေးရန်လိုကြောင်း။
- ဒီမိုကရေစီအရေး ဆောင်ရွက်ရာတွင် နိုင်ငံရေးအရ ဆွေးနွေးညှိနှိုင်းအဖြေရှာရေးလမ်းစဉ်ကိုသာ ဆောင်ရွက်ရမည်ဖြစ်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ရှမ်းပြည်နယ်(တောင်ပိုင်း) ခိုလမ်မြို့နယ်တွင် တာဝန်ထမ်းဆောင်လျက်ရှိသည့် ဌာနဆိုင်ရာတာဝန်ရှိသူများနှင့် မြို့မိမြို့ဖများအား တွေ့ဆုံအမှာစကားပြောကြားနေမှု

## ရှမ်းပြည်နယ်(အရှေ့ပိုင်း)နှင့် (တောင်ပိုင်း)တို့တွင် တာဝန်ထမ်းဆောင်လျက်ရှိသည့် ဌာနဆိုင်ရာတာဝန်ရှိသူများနှင့် မြို့မိမြို့ဖများအား လက်ဆောင်ပစ္စည်းများပေးအပ်နေသည့် မှတ်တမ်းဓာတ်ပုံများ










**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ရှမ်းပြည်နယ် (အရှေ့ပိုင်း)နှင့် (တောင်ပိုင်း)တို့တွင် တာဝန်ထမ်းဆောင်လျက်ရှိသည့် ဌာနဆိုင်ရာတာဝန်ရှိသူများနှင့် မြို့မိမြို့ဖများအား ရင်းရင်းနှီးနှီးလိုက်လံနှုတ်ဆက်နေသည့် မှတ်တမ်းဓာတ်ပုံများ**



မိုင်းခတ်မြို့



မိုင်းယောင်းမြို့



နိုလမ်မြို့

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ကျိုင်းတုံဟောင်နန်းပုံစံတူ တည်ဆောက်ရေးလုပ်ငန်း ရတနာအုတ်မြစ်တော်စီအခမ်းအနားသို့ တက်ရောက်



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်သည် ဖေဖော်ဝါရီလ ၁၇ ရက်တွင် ကျိုင်းတုံဟောင်နန်းပုံစံတူ တည်ဆောက်ရေးလုပ်ငန်း ရတနာအုတ်မြစ်တော်စီမင်္ဂလာအခမ်းအနားသို့ တက်ရောက်ချီးမြှင့်ခဲ့ပါသည်။

အဆိုပါ အခမ်းအနားသို့ ကျိုင်းတုံမြို့၊ ကျိုင်းယင်းကျောင်းတိုက် ဦးစီးပဓာန နာယကအဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ ဘဒ္ဒန္တခေမာစာရ အမှူးပြုသည့် ဆရာတော်၊ သံဃာတော်အရှင်သူမြတ်များ ကြွရောက်ချီးမြှင့်တော်မူကြပြီး နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌနှင့် တာဝန်ရှိသူများ၊ ရှမ်းပြည်နယ်ဝန်ကြီးချုပ်၊ ကျိုင်းတုံနယ်ရှင် စော်ဘွားကြီး စဝ်ကွန်ကျောက်အင်းထလျဲန်၏ ဆွေတော်မျိုးတော်များ၊ အလှူရှင်များ၊ မြို့မိမြို့ဖများ၊ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ ရှမ်း၊ လားဟူ၊ "ဝ"၊ အခါ၊ လီဆူ တိုင်းရင်းသားများနှင့် ဖိတ်ကြားထားသည့် ဧည့်သည်တော်များ တက်ရောက်ခဲ့ကြပါသည်။

ကျိုင်းယင်းကျောင်းတိုက်ဆရာတော်ကြီး အမှူးပြုသည့် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် ရတနာအုတ်မြစ်တော်များကိုစီသွင်းကြကာ ပရိတ်နံ့သာရည်များ ပက်ဖျန်းပေးကြပြီးနောက် ကျိုင်းတုံဟောင်နန်းဆိုင်ရာအချက်အလက်များကို ကြည့်ရှုကာ အခမ်းအနားမှ ပြန်လည်ထွက်ခွာခဲ့ပါ သည်။

အဆိုပါ ကျိုင်းတုံနယ်ရှင်စော်ဘွားကြီး စဝ်ကွန်ကျောက်အင်းထလျဲန်၏ ကျိုင်းတုံဟောင်နန်းကြီးကို နောင်တုံကန်အနီးရှိ ဟောင်နန်းဥယျာဉ်မြေ၊ ဟောင်နန်းမြေနှင့်တစ်ဆက်စပ်တည်း တည်ရှိသည့်မြေနေရာ၌ ပုံစံတူပြန်လည်တည်ဆောက်နိုင်ရေး ဆွေတော်မျိုးတော်တို့နှင့် ဒေသခံများ၏ ဆန္ဒအရ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်၏ လမ်းညွှန်ချက်နှင့်အညီ ဆောင်ရွက်ခဲ့ခြင်းဖြစ်ကြောင်း၊ တိုင်းရင်းသားတို့၏ သမိုင်းဝင်အဆောက်အဦများ၊ ဘာသာရေးအဆောက်အဦများကို မူလပုံစံမပျက်ပြန်လည်ပြုပြင်မွမ်းမံထိန်းသိမ်းခြင်းဖြင့် မိမိတို့နိုင်ငံ၏ သမိုင်းအစဉ်အလာကြီးမားမှုကို ဖော်ပြနိုင်မည်ဖြစ်ကြောင်းနှင့် ပြည်ထောင်စုဖွားတိုင်းရင်းသားများအချင်းချင်းခင်မင်ရင်းနှီးမှု၊ ယုံကြည်မှု၊ အေးချမ်းသာယာမှုနှင့် လူမှုစီးပွားတိုးတက်စေမှုတို့ကို များစွာအထောက်အပံ့ဖြစ်စေနိုင်မည်ဖြစ်ကြောင်း သိရှိရပါသည်။

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် ကျိုင်းတုံမြို့၊ သစ်တစ်ပင်တောင် အပန်းဖြေဥယျာဉ်ရှိ အလောင်းမင်းတရားကြီး




နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ကျိုင်းတုံဟော်နန်းပုံစံတူ တည်ဆောက်မည့်နေရာတွင် ရတနာအုတ်မြစ်တော်ကိုစီသွင်းပြီး ပရိတ်နံ့သာရည်များ ပက်ဖျန်းပေးနေမှု

လက်ထက် ၁၇၅၃ ခုနှစ်တွင် စိုက်ပျိုးခဲ့သည့် ကညင်ဖြူပင်ကြီးနှင့် ဥယျာဉ်အတွင်း သစ်ပင်ပန်းမန်များ စိုက်ပျိုးထားရှိမှုများကို လိုက်လံကြည့်ရှုလေ့လာခဲ့ကြပြီး တာဝန်ရှိသူများအား သမိုင်းဝင်နေရာတစ်ခုဖြစ်သဖြင့် ရေရှည်တည်တံ့အောင် ထိန်းသိမ်းဆောင်ရွက်သွားရန် လိုအပ်သည့်အခြေအနေများနှင့် ခရီးသွားပြည်သူများ စိတ်ကြည်နူးချမ်းသာစွာဖြင့် လေ့လာကြည့်ရှုနိုင်ရေး ဆောင်ရွက်ထားရှိရန် လိုအပ်သည့်အခြေအနေများနှင့်ပတ်သက်၍ မှာကြားခဲ့ပါသည်။

**(မြဝတီသတင်းစာ ၁၈-၂-၂၀၂၂)**

- **နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်သည် ကျိုင်းတုံဟော်နန်းပုံစံတူတည်ဆောက်ရေးလုပ်ငန်း ရတနာအုတ်မြစ်တော်စီမင်္ဂလာအခမ်းအနားသို့ တက်ရောက်ချီးမြှင့်ခဲ့။**
- **တိုင်းရင်းသားတို့၏ သမိုင်းဝင်အဆောက်အဦများ၊ ဘာသာရေးအဆောက်အဦများကို မူလပုံစံမပျက်ပြန်လည်ပြုပြင်မွမ်းမံထိန်းသိမ်းခြင်းဖြင့် မိမိတို့နိုင်ငံ၏ သမိုင်းအစဉ်အလာကြီးမားမှုကို ဖော်ပြနိုင်မည်ဖြစ်ပြီး ပြည်ထောင်စုဖွားတိုင်းရင်းသားများ အချင်းချင်းခင်မင်ရင်းနှီးမှု၊ ယုံကြည်မှု၊ အေးချမ်းသာယာမှုနှင့် လူမှုစီးပွားတိုးတက်စေမှုတို့ကို များစွာအထောက်အပံ့ဖြစ်စေနိုင်မည်ဖြစ်။**
- **နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် ကျိုင်းတုံမြို့၊ သစ်တစ်ပင်တောင် အပန်းဖြေဥယျာဉ်ရှိ အလောင်းမင်းတရားကြီးလက်ထက် ၁၇၅၃ ခုနှစ်တွင် စိုက်ပျိုးခဲ့သည့် ကညင်ဖြူပင်ကြီးနှင့် ဥယျာဉ်အတွင်း သစ်ပင်ပန်းမန်များ စိုက်ပျိုးထားရှိမှုများကို လိုက်လံကြည့်ရှုလေ့လာခဲ့။**

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ကျိုင်းတုံဟော်နန်းတည်ဆောက်မှုများအား ကြည့်ရှုစစ်ဆေးနေသည့် မှတ်တမ်းဓာတ်ပုံများ



အသစ်ပြန်လည်တည်ဆောက်လုပ်မည့် ကျိုင်းတုံဟော်နန်းပုံစံတူ



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်  ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်နှင့်ဇနီး ဒေါ်ကြူကြူလှတို့က ဆရာတော်၏ကျန်းမာရေးဆိုင်ရာများအား ရိုသေစွာမေးမြန်းလျှောက်ထားနေမှု



ကျိုင်းတုံဟော်နန်းဆိုင်ရာ အချက်အလက်များကို ကြည့်ရှုနေမှု



ဒေသခံတိုင်းရင်းသားပြည်သူများက အိုးစည်များတီးခတ်၍ ရိုးရာအကအလှများဖြင့်ဂါရဝပြုနှုတ်ဆက်နေမှု

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်နှင့် ဇနီး ကျိုင်းတုံမြို့ သစ်တစ်ပင်တောင် အပန်းဖြေဥယျာဉ်အတွင်း ကြည့်ရှုလေ့လာနေသည့်မှတ်တမ်းဓာတ်ပုံများ













# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် တြိဂံဒေသတိုင်းစစ်ဌာနချုပ်၏ စစ်ဦးစီး၊ စစ်ရေး၊ စစ်ထောက်ဆိုင်ရာ ဆောင်ရွက်နေမှုအခြေအနေများကိုစစ်ဆေး



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်သည် ဖေဖော်ဝါရီလ ၁၆ ရက်တွင် တြိဂံဒေသတိုင်းစစ်ဌာနချုပ်၏ စစ်ဦးစီး၊ စစ်ရေးနှင့် စစ်ထောက်ဆိုင်ရာ ဆောင်ရွက်ထားရှိမှု အခြေအနေများအား စစ်ဆေးခဲ့ရာ တြိဂံဒေသတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်မျိုးမင်းထွန်းက တိုင်းစစ်ဌာနချုပ်နယ်မြေ အတွင်း လုံခြုံရေး၊ နယ်မြေစိုးမိုးရေးနှင့် တရားဥပဒေစိုးမိုးရေး၊ နယ်စပ်ဒေသလုံခြုံရေး၊ တည်ငြိမ်အေးချမ်းရေး၊ မူးယစ်ဆေးဝါး များ ဖမ်းဆီးရမိရေး၊ ကုန်သွယ်မှုလုပ်ငန်းများ၊ ကိုဗစ်-၁၉ ရောဂါကာကွယ်ရေးလုပ်ငန်းများ၊ ကိုဗစ်-၁၉ ရောဂါဖြစ်ပွားမှုကြောင့် ပိတ်ထားရသည့် စာသင်ကျောင်းများ ပြန်လည်ဖွင့်လှစ်ပေးနိုင်ခဲ့မှုတို့နှင့်ပတ်သက်၍ ရှင်းလင်းတင်ပြခဲ့ပါသည်။

ရှင်းလင်းတင်ပြမှုများအပေါ် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က-

- တြိဂံဒေသတိုင်းစစ်ဌာနချုပ်နယ်မြေသည် သွားလာရေး အခက်အခဲရှိသည့် တိုင်းစစ်ဌာနချုပ်တစ်ခုဖြစ်ပြီး တိုင်းစစ်ဌာနချုပ်နယ်မြေအတွင်း စစ်ဆင်ရေး၊ လုံခြုံရေး၊ နယ်မြေစိုးမိုးရေးလုပ်ငန်းများကို အောင်မြင်အောင် လုပ်ဆောင်နိုင်ရန်လိုကြောင်း။
- ကိုဗစ်-၁၉ ရောဂါဖြစ်ပေါ်ခဲ့သည့် ကာလများတွင်လည်း တြိဂံဒေသတိုင်းစစ်ဌာနချုပ်နယ်မြေသည် အလှမ်းဝေးသည့် နယ်မြေဒေသတစ်ခုဖြစ်သဖြင့် ဆေးပစ္စည်းများ အချိန်မီပို့ဆောင်ပေးနိုင်ရေးအတွက် ကြိုးပမ်းဆောင်ရွက်ခဲ့ရကြောင်း။
- ဒေသတွင်းလုံခြုံရေးနှင့် ကာကွယ်ရေးတာဝန်များကို ထမ်းဆောင်ရာတွင် အမျိုးသားအကျိုးစီးပွားကို ထိခိုက်စေနိုင်သည့်မှန်သမျှကို ကာကွယ်တားဆီးနိုင်ရေး ဆောင်ရွက်ကြရန်လိုကြောင်း။
- မူးယစ်ဆေးဝါးကာကွယ်တားဆီးရေး၊ နယ်စပ်ဖြတ်ကျော်မှုခင်းများလျော့နည်းစေရေးလုပ်ဆောင်နေခြင်းသည် အမျိုးသားအကျိုးစီးပွားကို ကာကွယ်နေခြင်းပင်ဖြစ်ကြောင်း။
- တိုင်းစစ်ဌာနချုပ်ကွပ်ကဲမှုအောက်ရှိ တပ်ရင်းတပ်ဖွဲ့များ အနေဖြင့် တိုက်စွမ်းရည်၊ တိုက်စွမ်းအား ပြည့်ဝနေရန် လိုအပ်မည်ဖြစ်ပြီး တပ်ရင်းတပ်ဖွဲ့အလိုက် လေ့ကျင့်ရမည်ဖြစ်သကဲ့သို့ လေ့ကျင့်ရေးသင်တန်းကျောင်းများကလည်း အမြဲမပြတ် လေ့ကျင့်ပေးနေရန် လိုအပ်မည်ဖြစ်ကြောင်း။
- အဆင့်ဆင့်သောခေါင်းဆောင်များကိုယ်တိုင်က စည်းကမ်းကောင်းမှသာလျှင် စည်းကမ်းကောင်းမွန်ပြီး တိုက်စွမ်းရည် တိုက်စွမ်းအား ကောင်းမွန်သည့်တပ်များ ဖြစ်လာမည်ဖြစ်ကြောင်း။
- တပ်မှူးများအနေဖြင့် စစ်သည်တစ်ဦးချင်း၏ အခြေခံစိတ်နေသဘောထားများကို သိရှိနေမှသာလျှင် လူမှန်နေရာမှန် တာဝန်ပေးအပ်နိုင်မည်ဖြစ်ပြီး ၎င်းတို့၏ အားနည်းချက်၊ လိုအပ်ချက်များကိုလည်း မြှင့်တင်ဆောင်ရွက်ပေးနိုင်မည်ဖြစ်ကြောင်း။
- လက်အောက်ငယ်သားများအနေဖြင့်လည်း လိုက်နာရမည့် ကျင့်ဝတ်အပါး ၆၀ ကို တိတိကျကျလိုက်နာကျင့်သုံးရန် လိုအပ်မည်ဖြစ်ကြောင်း။



**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် တြိဂံဒေသတိုင်းစစ်ဌာနချုပ်၏ စစ်ဦးစီး၊ စစ်ရေး၊ စစ်ထောက်ဆိုင်ရာ ဆောင်ရွက်နေမှုအခြေအနေများကို စစ်ဆေးကြည့်ရှုနေမှု**

- ခေါင်းဆောင်များအနေဖြင့် မိမိကိုယ်တိုင် စာဖတ်ရန်လိုအပ်သကဲ့သို့ မိမိကွပ်ကဲအုပ်ချုပ်နေရသူများ၏ ပညာရည်အဆင့်အတန်းမြင့်မားရေးအတွက်လည်း အားပေးဆောင်ရွက်နေရမည်ဖြစ်ကြောင်း။
- စာပေဗဟုသုတရှိမှသာလျှင် အမှားအမှန်ခွဲခြားသိမြင်နိုင်မည်ဖြစ်ပြီး တစ်ဦးချင်း ကြုံတွေ့လာရသည့် အခက်အခဲများကို ကျိုးကြောင်းဆီလျော်စွာဖြင့် ဖြေရှင်းဆောင်ရွက်နိုင်မည်ဖြစ်ကြောင်း။
- တပ်မှူးများအနေဖြင့် ခေါင်းဆောင်မှုအင်္ဂါရပ် ၁၆ ချက်နှင့်အညီ ချိန်ထိုးသုံးသပ်ဖြည့်ဆည်းဆောင်ရွက်ရန်လိုကြောင်း။
- နယ်မြေခံပြည်သူလူထု၏ အကျိုးစီးပွားကို ဖော်ဆောင်ပေးရန်လိုအပ်ပြီး ပညာရေး အားပေးမှုနည်းပါးသည့်နယ်မြေဒေသဖြစ်သည့်အတွက် ပညာရည်အဆင့်အတန်းမြင့်မားလာစေရေး တွန်းအားပေးဆောင်ရွက်ကြစေလိုကြောင်း။
- ဒေသဖွံ့ဖြိုးရေး၊ နယ်မြေခံလူထု၏ အကျိုးစီးပွားဖော်ဆောင်ရေးတို့ကို တတ်စွမ်းသရွေ့ ကြိုးပမ်းဆောင်ရွက်ကြရမည်ဖြစ်ကြောင်းဖြင့် မှာကြားခဲ့ပါသည်။

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့်အတူ ကာကွယ်ရေးဦးစီးချုပ်(ရေ)၊ ကာကွယ်ရေးဦးစီးချုပ်(လေ)၊ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ တပ်မတော်အရာရှိကြီးများနှင့် တြိဂံဒေသတိုင်းစစ်ဌာနချုပ်မှ တာဝန်ရှိသူများ တက်ရောက်ခဲ့ကြောင်း သိရှိရပါသည်။

**(မြဝတီသတင်းစာ ၁၇-၂-၂၀၂၂)**

- **ကိုဗစ်-၁၉ ရောဂါဖြစ်ပေါ်ခဲ့သည့် ကာလများတွင်လည်း တြိဂံဒေသတိုင်းစစ်ဌာနချုပ်နယ်မြေသည် အလှမ်းဝေးသည့်နယ်မြေဒေသတစ်ခုဖြစ်သဖြင့် ဆေးပစ္စည်းများ အချိန်မီပို့ဆောင်ပေးနိုင်ရေးအတွက် ကြိုးပမ်းဆောင်ရွက်ခဲ့ရ။**
- **မူးယစ်ဆေးဝါးကာကွယ်တားဆီးရေး၊ နယ်စပ်ဖြတ်ကျော်မှုခင်းများ လျှော့နည်းစေရေးလုပ်ဆောင်နေခြင်းသည် အမျိုးသားအကျိုးစီးပွားကို ကာကွယ်နေခြင်းပင်ဖြစ်။**
- **အဆင့်ဆင့်သောခေါင်းဆောင်များကိုယ်တိုင်က စည်းကမ်းကောင်းမှသာလျှင် စည်းကမ်းကောင်းမွန်ပြီး တိုက်စွမ်းရည်တိုက်စွမ်းအား ကောင်းမွန်သည့်တပ်များ ဖြစ်လာမည်ဖြစ်။**
- **လက်အောက်ငယ်သားများအနေဖြင့်လည်း လိုက်နာရမည့် ကျင့်ဝတ်အပါး ၆၀ ကို တိတိကျကျလိုက်နာ ကျင့်သုံးရန်လိုအပ်။**

- စာပေဗဟုသုတ ရှိမှသာလျှင် အမှားအမှန်ခွဲခြားသိမြင်နိုင်မည်ဖြစ်ပြီး တစ်ဦးချင်းကြုံတွေ့လာရသည့် အခက်အခဲများကို ကျိုးကြောင်းဆီလျော်စွာဖြင့် ဖြေရှင်းဆောင်ရွက်နိုင်မည်ဖြစ်။
- တပ်မှူးများအနေဖြင့် ခေါင်းဆောင်မှု အင်္ဂါရပ် ၁၆ ချက်နှင့်အညီ ချိန်ထိုးသုံးသပ်ဖြည့်ဆည်းဆောင်ရွက်ရန်လို။
- နယ်မြေခံပြည်သူလူထု၏ အကျိုးစီးပွားကို ဖော်ဆောင်ပေးရန်လိုအပ်ပြီး ပညာရေး အားပေးမှုနည်းပါးသည့် နယ်မြေဒေသဖြစ်သည့်အတွက် ပညာရည်အဆင့်အတန်း မြင့်မားလာစေရေး တွန်းအားပေးဆောင်ရွက်ကြစေလို။

---

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် တြိဂံဒေသတိုင်းစစ်ဌာနချုပ်နှင့် အရှေ့အလယ်ပိုင်းတိုင်းစစ်ဌာနချုပ်တို့ရှိ တပ်နယ်အသီးသီးမှ အရာရှိ၊ စစ်သည် မိသားစုဝင်များအား တွေ့ဆုံအမှာစကားပြောကြား



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် တြိဂံဒေသတိုင်းစစ်ဌာနချုပ် မိုင်းပျဉ်းတပ်နယ်ရှိ အရာရှိ၊ စစ်သည်၊ မိသားစုဝင်များအား တွေ့ဆုံအမှာစကားပြောကြားနေမှု

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်သည် ဖေဖော်ဝါရီလ ၁၆ ရက်တွင် တြိဂံဒေသတိုင်းစစ်ဌာနချုပ်ရှိ မိုင်းခတ်တပ်နယ်နှင့် မိုင်းယောင်းတပ်နယ်များသို့လည်းကောင်း၊ ဖေဖော်ဝါရီလ ၁၇ တွင် တြိဂံဒေသတိုင်းစစ်ဌာနချုပ်၊ မိုင်းပျဉ်းတပ်နယ်နှင့် အရှေ့အလယ်ပိုင်းတိုင်းစစ်ဌာနချုပ်ရှိ ခိုလမ်တပ်နယ်များသို့လည်းကောင်း သွားရောက်၍ အရာရှိ၊ စစ်သည် မိသားစုဝင်များအား တွေ့ဆုံအမှာစကားပြောကြားခဲ့ပါသည်။

တွေ့ဆုံပွဲအသီးသီး၌ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်က အမှာစကားပြောကြားခဲ့ရာတွင်-

- တပ်မတော်အနေဖြင့် နိုင်ငံတော်၏တာဝန်များကို လွှဲပြောင်းတာဝန်ထမ်းဆောင်ခဲ့ရသည်မှာ တစ်နှစ်ကျော်ကာလသို့ ရောက်ရှိလာခဲ့ပြီဖြစ်ကြောင်း။
- ၂၀၂၀ ပြည့်နှစ် ပါတီစုံဒီမိုကရေစီရွေးကောက်ပွဲတွင် ဖြစ်ပေါ်ခဲ့သည့် ကြီးမားသော မဲမသမာမှုဖြစ်စဉ်ကြောင့် တပ်မတော်အနေဖြင့် ဖွဲ့စည်းပုံအခြေခံဥပဒေ(၂၀၀၈)ခုနှစ်နှင့်အညီ နိုင်ငံတော်၏တာဝန်များ ထမ်းဆောင်ခဲ့ရသည်ကို အရာရှိ၊ စစ်သည်၊ ရဲမေများ သိရှိနားလည်သဘောပေါက်ရန်လိုကြောင်း။
- တပ်မတော်၏ခေတ်အဆက်ဆက် အမျိုးသားနိုင်ငံရေးဦးဆောင်မှုအခန်းကဏ္ဍတွင် ပါဝင်ခဲ့သည့်အခြေအနေများကို နားလည်မှုလွဲမှားမှု၊ ၂၀၂၀ ပြည့်နှစ် ရွေးကောက်ပွဲတွင် မလွှဲသာ၊ မရှောင်သာသောအခြေအနေများအရ ဖွဲ့စည်းပုံအခြေခံဥပဒေ (၂၀၀၈ ခုနှစ်)နှင့်အညီ အရေးပေါ်အခြေအနေအဖြစ် ကြေညာခဲ့ရမှုတို့ကို လက်ခံနိုင်ခြင်းမရှိသူများအနေဖြင့် သွေးထိုးလှုံ့ဆော်နေမှုများရှိနေပြီး တပ်



**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် တြိဂံဒေသတိုင်းစစ်ဌာနချုပ် မိုင်းယောင်းတပ်နယ်ရှိ အရာရှိ၊ စစ်သည်၊ မိသားစုဝင်များအား တွေ့ဆုံအမှာစကားပြောကြားနေမှု**

မတော်နှင့်ပြည်သူကို သွေးကွဲအောင် လုပ်ဆောင်လျက်ရှိကြောင်း။

- တပ်မတော်သည် စတင်ဖွဲ့စည်းချိန်မှစ၍ ယခုအချိန်အထိ နိုင်ငံတော်ကို ကာကွယ်စောင့်ရှောက်ခဲ့သည့်၊ အစဉ်အလာရှိသည့်၊ ဂုဏ်သိက္ခာရှိသည့် တပ်မတော်ဖြစ်သောကြောင့် ထိုကဲ့သို့ပြောဆိုနေမှုများကို လက်ခံ၍ရနိုင်မည် မဟုတ်ကြောင်း။
- တပ်မတော်အနေဖြင့် ပါတီစုံဒီမိုကရေစီစနစ်ကို ခိုင်မာအောင်၊ အာမခံချက်ရှိအောင် လုပ်ဆောင်ရမည်ဖြစ်ပြီး ပါတီစုံဒီမိုကရေစီစနစ်ခိုင်မာအောင် ထိန်းသိမ်းစောင့်ရှောက်နေသည့်၊ နိုင်ငံတော်၏ အခြေအနေအရပ်ရပ်ကို ထိန်းသိမ်းစောင့်ရှောက်ပေးနေသည့် ထိန်းသိမ်းဆောင်ရွက်ပေးသူ (Guardian)အဖြစ် စိတ်ဓာတ်ခံယူ၍ ကိုယ်စွမ်းဉာဏ်စွမ်းရှိသမျှ ဆောင်ရွက်သွားကြရန် တိုက်တွန်းမှာကြားလိုကြောင်း။
- ယခင်တပ်မတော်အစိုးရအုပ်ချုပ်စဉ်ကာလအတွင်း ပြည်သူတစ်ရပ်လုံး လိုလားတောင့်တနေရသည့် ပါတီစုံဒီမိုကရေစီလမ်းကြောင်းပေါ်သို့ရောက်ရှိနိုင်ရေး ပုံဖော်ဆောင်ရွက်ပေးခဲ့ကြောင်း။
- ၂၀၁၀ ခုနှစ်တွင် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲကျင်းပပေးနိုင်ခဲ့ပြီး နောက် NLD ပါတီကို ရွေးကောက်ပွဲသို့ ဝင်ရောက်နိုင်ရေး ဆောင်ရွက်ပေးခဲ့ကာ ၂၀၁၅ ခုနှစ် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲတွင် NLD ပါတီ အနိုင်ရခဲ့ပြီး အစိုးရဖြစ်လာကြောင်း။
- NLD အစိုးရအုပ်ချုပ်စဉ်အစောပိုင်းကာလအတွင်း၌ပင် ဥပဒေကို လက်တစ်လုံးခြား ဆောင်ရွက်မှုများ စတင်လုပ်ဆောင်ခဲ့သည်ကို တွေ့ရှိရကြောင်း။
- ငြိမ်းချမ်းရေးနှင့်ပတ်သက်၍ ဆောင်ရွက်ရာတွင်လည်း ၎င်းတို့တာဝန်မထမ်းဆောင်မီအချိန်၌ NCA လက်မှတ်ရေးထိုးခြင်းမပြုရန် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့များကို တိုက်တွန်းခဲ့ခြင်းများရှိသကဲ့သို့ ၎င်းတို့တာဝန်ယူထမ်းဆောင်ချိန်၌လည်း ငြိမ်းချမ်းရေးဖော်ဆောင်မှုအပိုင်း၌ အားနည်းခဲ့သည်ကိုတွေ့ရှိခဲ့ရကြောင်း။
- အလားတူ မြန်မာ့ယဉ်ကျေးမှုအစဉ်အလာကို ယိမ်းယိုင်စေခဲ့သည့် လုပ်ဆောင်မှုများရှိခဲ့ပြီး နိုင်ငံအတွက် စိုးရိမ်ဖွယ်ရာအခြေအနေသို့ ရောက်ရှိခဲ့ကြောင်း။
- ပြည်တွင်းကုန်ထုတ်လုပ်မှုများကို အားပေးခြင်းမရှိခဲ့ခြင်းနှင့် ပြည်ပမှတင်သွင်းမှုများကိုသာ ဦးစားပေးဆောင်ရွက်ခဲ့ခြင်းကြောင့် ကုန်သွယ်မှုလိုငွေများ များစွာဖြစ်ပေါ်ခဲ့ရကြောင်း။
- အချို့ပြည်ပချေးငွေရယူဆောင်ရွက်ခဲ့သည့် စီမံကိန်းများကို လုပ်ငန်းဆောင်ရွက်မှုများ ပြီးစီးလုနီးပါးအခြေအနေတွင် ရပ်တန့်ခဲ့သဖြင့် နိုင်ငံအတွက်များစွာ နစ်နာခဲ့ရကြောင်း။
- ပြည်ပမှချေးငွေများ အဆမတန်ရယူခဲ့ခြင်းကြောင့် နိုင်ငံတော်အနေဖြင့် နှစ်စဉ်ပြည်ပကြွေးမြီများကို ပေးဆပ်နေရလျက်ရှိကြောင်း၊ ၂၀၁၁ ခုနှစ်မှ ၂၀၂၁ အထိ ကုန်သွယ်မှုလိုငွေ အမေရိကန် ဒေါ်လာ ၂၅ ဘီလီယံခန့်ရှိခဲ့ပြီး ယခု ၂၀၂၂ မှစ၍ ကုန်သွယ်မှုပိုငွေရှိအောင် ဆောင်ရွက်ခဲ့ကြောင်း။
- ၂၀၂၀ ပြည့်နှစ်အထွေထွေရွေးကောက်ပွဲ မဲမသမာမှုများကြောင့် ဖြစ်ပေါ်ခဲ့သည့် နိုင်ငံရေးပြဿနာများအပေါ် အချို့တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများမှ အခွင့်အရေးယူ၍ ဆောင်ရွက်နေမှုများရှိကြောင်း။



**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် တြိဂံဒေသတိုင်းစစ်ဌာနချုပ် မိုင်းခတ်တပ်နယ်ရှိ အရာရှိ၊ စစ်သည်၊ မိသားစုဝင်များအား တွေ့ဆုံအမှာစကားပြောကြားနေမှု**

- မဲစာရင်းမှားယွင်းမှုနှင့်ပတ်သက်၍ တပ်မတော်မှ ၂၀၂၀ ပြည့်နှစ် ဒီဇင်ဘာလတွင် စတင်ကြေညာခဲ့ပြီး မဲစာရင်းမှားယွင်းမှုအပေါ် ဖြေရှင်းပေးရန်အတွက် အကြိမ်ကြိမ်ပြောကြားခဲ့သော်လည်း ၎င်းတို့အနေဖြင့် အဆိုပါမဲသမာမှုကိစ္စရပ်များအား ဖြေရှင်းပေးမှုမရှိခဲ့ကြောင်း။
- မဲစာရင်းမသမာမှုရလဒ်များဖြင့် တက်ရောက်လာသည့် ကိုယ်စားလှယ်များက လွှတ်တော်ခေါ်ယူရေး ဆောင်ရွက်ခဲ့သဖြင့် နိုင်ငံရေးအရ အရေးပေါ်အခြေအနေကြေညာပြီး မလွဲသာမရှောင်သာဘဲ နိုင်ငံတော်တာဝန်အား ရယူခဲ့ရခြင်းဖြစ်ကြောင်း။
- ကိုဗစ်-၁၉ ရောဂါကြောင့် ကျဆင်းခဲ့သည့် နိုင်ငံ၏စီးပွားရေးပြန်လည်ဦးမော့ရေးအတွက်လည်း ကြိုးပမ်းဆောင်ရွက်ခဲ့ရာ အထိုက်အလျောက် တိုးတက်ကောင်းမွန်လာပြီဖြစ်ကြောင်း။
- ငြိမ်းချမ်းရေးရရှိရေးအတွက်လည်း ပစ်ခတ်တိုက်ခိုက်မှုများရပ်စဲပေးထားပြီး ငြိမ်းချမ်းရေးဆွေးနွေးပွဲများ ဆောင်ရွက်နိုင်ရေး ဖိတ်ခေါ်ဆောင်ရွက်ထားကြောင်း၊ ပြည်တွင်းငြိမ်းချမ်းရေးရရှိရေးအတွက် မိမိတို့အနေဖြင့် အလေးထားကြိုးပမ်းဆောင်ရွက်လျက်ရှိပြီး ဒီမိုကရေစီနှင့်ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုစနစ်ကို ဆောင်ရွက်နိုင်ရမည်ဖြစ်ကြောင်း။
- ရွေးကောက်ပွဲ၌ တရားမျှတမှုနှင့် ခြိမ်းခြောက်မှုမရှိစေရေး လက်နက်ကိုင်ပဋိပက္ခများလည်း ချုပ်ငြိမ်းရန်လိုသဖြင့် ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များကို အားသွန်ခွန်စိုက်ဆောင်ရွက်လျက်ရှိကြောင်း။
- လာမည့်ရွေးကောက်ပွဲသည် အထွေထွေရွေးကောက်ပွဲဖြစ်သဖြင့် တစ်နိုင်ငံလုံး အကြားအလပ်မရှိ ကျင်းပနိုင်ရမည်ဖြစ်ပြီး မြို့နယ်အားလုံး၌ ရွေးကောက်ပွဲကို လွတ်လပ်၍ တရားမျှတစွာ ကျင်းပပြုလုပ်နိုင်ရမည်ဖြစ်ကြောင်း။
- ပြည်သူများ၏ အကျိုးကိုဆောင်ရွက်သူများကိုသာ ပြည်သူများအနေဖြင့် လိုလားကြမည်ဖြစ်ကြောင်း၊ လက်တွေ့ပါသည့် စည်းရုံးရေးနှင့် လက်တွေ့မပါသည့် စည်းရုံးရေးနှစ်မျိုးရှိကြောင်း၊ ယခုအချိန်တွင်လည်း မိမိအနေဖြင့် လက်တွေ့ပါသည့် ဆောင်ရွက်မှုများဖြင့် ပြည်သူများ၏အကျိုးကို ဖော်ဆောင်ပေးလျက်ရှိကြောင်း။
- တပ်မတော်သည် လွတ်လပ်ရေးရရှိပြီး အချိန်မှစ၍ နိုင်ငံ၏ အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေးအတွက် နိုင်ငံ၏ သမိုင်းနှင့်အတူ အမျိုးသားနိုင်ငံရေးကို ဒွန်တွဲဆောင်ရွက်နေခြင်းကြောင့် တပ်မတော်အား နိုင်ငံရေးအရ အသုံးချခြင်းမခံရရန် လိုကြောင်း။
- တပ်မတော်သားများအားလုံးသည် နိုင်ငံချစ်စိတ်၊ မျိုးချစ်စိတ်များဖြင့် တပ်မတော်သို့ ဝင်ရောက်ခဲ့ကြခြင်းဖြစ်သဖြင့် ၎င်းအချက်အပေါ် ဂုဏ်ယူသည့်စိတ်ဖြင့် တာဝန်များကို ကျေပွန်စွာထမ်းဆောင်ကြရန်လိုကြောင်း။
- အတိတ်ကရှိခဲ့သည့် တပ်မတော်၏ ကောင်းမြတ်သည့် သမိုင်းကြောင်းများကို ခိုင်မာအောင် လုပ်ဆောင်ပေးထားပြီးဖြစ်သည့်အတွက် မိမိတို့၏ အနာဂတ်တပ်မတော်သားများကိုလည်း ကောင်းမွန်သည့် အစဉ်အလာကောင်းများ၊ စိတ်ဓာတ်ကောင်းများကို လက်ဆင့်ကမ်းနိုင်ရမည်ဖြစ်ကြောင်း အကျယ်တဝင့်ရှင်းလင်းပြောကြားခဲ့ပါသည်။

တွေ့ဆုံပွဲများအပြီးတွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်၊ ဇနီးနှင့် အဖွဲ့ဝင်များသည် တက်ရောက်လာကြသည့် အရာရှိ၊ စစ်သည်မိသားစုများအား ရင်းရင်းနှီးနှီးလိုက်လံနှုတ်ဆက်ခဲ့ကြပြီး စားသောက်ဖွယ်ရာပစ္စည်းများ ပေးအပ်ခဲ့ကြောင်း သိရှိရပါသည်။

**(မြဝတီသတင်းစာ ၁၈-၂-၂၀၂၂)**




နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် အရှေ့အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် ခိုလမ်တပ်နယ်ရှိ အရာရှိ၊ စစ်သည်၊ မိသားစုဝင်များအား တွေ့ဆုံအမှာစကားပြောကြားနေမှု

- ၂၀၂၀ ပြည့်နှစ် ပါတီစုံဒီမိုကရေစီ ရွေးကောက်ပွဲတွင် ဖြစ်ပေါ်ခဲ့သည့် ကြီးမားသော မဲမသမာမှုဖြစ်စဉ်ကြောင့် တပ်မတော်အနေဖြင့် ဖွဲ့စည်းပုံအခြေခံဥပဒေ (၂၀၀၈)ခုနှစ်နှင့်အညီ နိုင်ငံတော်၏တာဝန်များကို ထမ်းဆောင်ခဲ့ရသည်ကို အရာရှိ၊ စစ်သည်၊ ရဲမေများ သိရှိနားလည်သဘောပေါက်ရန်လို။
- တပ်မတော်အနေဖြင့် ပါတီစုံဒီမိုကရေစီစနစ်ကို ခိုင်မာအောင်၊ အာမခံချက်ရှိအောင် လုပ်ဆောင်ရမည်ဖြစ်ပြီး ပါတီစုံဒီမိုကရေစီစနစ်ခိုင်မာအောင် ထိန်းသိမ်းစောင့်ရှောက်နေသည့်၊ နိုင်ငံတော်၏အခြေအနေအရပ်ရပ်ကို ထိန်းသိမ်းစောင့်ရှောက်ပေးနေသည့် ထိန်းသိမ်းဆောင်ရွက်ပေးသူ(Guardian)အဖြစ် စိတ်ဓာတ်ခံယူ၍ ကိုယ်စွမ်းဉာဏ်စွမ်းရှိသမျှ ဆောင်ရွက်သွားကြရန်လို။
- ၂၀၁၅ ခုနှစ် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲတွင် NLD ပါတီ အနိုင်ရခဲ့ပြီး အစိုးရဖြစ်လာကာ NLD အစိုးရအုပ်ချုပ်စဉ်အစောပိုင်းကာလအတွင်း၌ပင် ဥပဒေကို လက်တစ်လုံးခြားဆောင်ရွက်မှုများ စတင်လုပ်ဆောင်ခဲ့သည်ကိုတွေ့ရှိခဲ့။
- ငြိမ်းချမ်းရေးနှင့်ပတ်သက်၍ ဆောင်ရွက်ရာတွင်လည်း ၎င်းတို့တာဝန် မထမ်းဆောင်မီအချိန်၌ NCA လက်မှတ်ရေးထိုးခြင်းမပြုရန် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့များကို တိုက်တွန်းခဲ့ခြင်းများရှိသကဲ့သို့ ၎င်းတို့တာဝန်ယူထမ်းဆောင်ချိန်၌လည်း ငြိမ်းချမ်းရေးဖော်ဆောင်မှုအပိုင်း၌ အားနည်းခဲ့သည်ကိုတွေ့ရှိခဲ့။
- မြန်မာ့ယဉ်ကျေးမှု အစဉ်အလာကို ယိမ်းယိုင်စေခဲ့သည့် လုပ်ဆောင်မှုများရှိခဲ့ပြီး နိုင်ငံအတွက် စိုးရိမ်ဖွယ်ရာအခြေအနေသို့ ရောက်ရှိခဲ့။





တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်နှင့် ဇနီးတို့မှ မိုင်းပျဉ်းတပ်နယ်မှ အရာရှိ၊ စစ်သည်၊ မိသားစုဝင်များနှင့် မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းတို့အတွက် စားသောက်ဖွယ်ရာပစ္စည်းများနှင့် ချီးမြှင့်ငွေများကို ပေးအပ်နေမှု

- အချို့ပြည်ပချေးငွေရယူဆောင်ရွက်ခဲ့သည့် စီမံကိန်းများကို လုပ်ငန်းဆောင်ရွက်မှုများ ပြီးစီးလုနီးပါးအခြေအနေတွင် ရပ်တန့်ခဲ့သဖြင့် နိုင်ငံအတွက်များစွာနစ်နာခဲ့။
- မဲစာရင်းမှားယွင်းမှုနှင့်ပတ်သက်၍ တပ်မတော်မှ ၂၀၂၀ ပြည့်နှစ် ဒီဇင်ဘာလတွင် စတင်ကြေညာခဲ့ပြီး မဲစာရင်းမှားယွင်းမှုအပေါ် ဖြေရှင်းပေးရန်အတွက် အကြိမ်ကြိမ်ပြောကြားခဲ့သော်လည်း ၎င်းတို့အနေဖြင့် အဆိုပါမဲမသမာမှုကိစ္စရပ်များအား ဖြေရှင်းပေးမှုမရှိခဲ့။
- မဲစာရင်းမသမာမှုရလဒ်များဖြင့် တက်ရောက်လာသည့် ကိုယ်စားလှယ်များက လွှတ်တော်ခေါ်ယူရေး ဆောင်ရွက်ခဲ့သဖြင့် နိုင်ငံရေးအရ အရေးပေါ်အခြေအနေကြေညာပြီး မလွှဲသာမရှောင်သာဘဲ နိုင်ငံတော်တာဝန်အားရယူခဲ့ရခြင်းဖြစ်။
- ကိုဗစ်-၁၉ ရောဂါကြောင့် ကျဆင်းခဲ့သည့် နိုင်ငံ၏စီးပွားရေးပြန်လည်ဦးမော့ရေးအတွက်လည်း ကြိုးပမ်းဆောင်ရွက်ခဲ့ရာ အထိုက်အလျောက် တိုးတက်ကောင်းမွန်လာပြီဖြစ်။
- ရွေးကောက်ပွဲ၌ တရားမျှတမှုနှင့် ခြိမ်းခြောက်မှုမရှိစေရေး လက်နက်ကိုင်ပဋိပက္ခများလည်း ချုပ်ငြိမ်းရန်လိုသဖြင့် ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များကို အားသွန်ခွန်စိုက် ဆောင်ရွက်လျက်ရှိ။
- ပြည်သူများ၏ အကျိုးကိုဆောင်ရွက်သူများကိုသာ ပြည်သူများအနေဖြင့် လိုလားကြမည်ဖြစ်၊ လက်တွေ့ပါသည့် စည်းရုံးရေးနှင့် လက်တွေ့မပါသည့် စည်းရုံးရေး နှစ်မျိုးရှိပြီး ယခုအချိန်တွင် မိမိအနေဖြင့် လက်တွေ့ပါသည့် ဆောင်ရွက်မှုများဖြင့် ပြည်သူများ၏အကျိုးကို ဖော်ဆောင်ပေးလျက်ရှိ။



တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် မိုင်းယောင်းတပ်နယ်မှ အရာရှိ၊ စစ်သည်၊ မိသားစုဝင်များအတွက် စားသောက်ဖွယ်ရာပစ္စည်းများပေးအပ်နေမှု





တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်နှင့် ဇနီးတို့မှ မိုင်းခတ်တပ်နယ်မှ အရာရှိ၊ စစ်သည်၊ မိသားစုဝင်များနှင့် မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းတို့အတွက် စားသောက်ဖွယ်ရာပစ္စည်းများနှင့် ချီးမြှင့်ငွေများကို ပေးအပ်နေမှု





တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်နှင့် ဇနီးတို့မှ ခိုလမ်တပ်နယ်မှ အရာရှိ၊ စစ်သည်၊ မိသားစုဝင်များနှင့် မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းတို့အတွက် စားသောက်ဖွယ်ရာပစ္စည်းများနှင့် ချီးမြှင့်ငွေများကို ပေးအပ်နေမှု

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် တြိဂံဒေသတိုင်းစစ်ဌာနချုပ်နှင့် အရှေ့အလယ်ပိုင်းတိုင်းစစ်ဌာနချုပ်တို့မှ အရာရှိ၊ စစ်သည်မိသားစုဝင်များအား ရင်းရင်းနှီးနှီးလိုက်လံနှုတ်ဆက်နေသည့် မှတ်တမ်းဓာတ်ပုံများ



မိုင်းပျဉ်းမြို့



မိုင်းခတ်မြို့



နိုလမ်မြို့

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် မျိုးစေ့ပြပွဲ ၂၀၂၂ (Seed Fair 2022) ဖွင့်ပွဲအခမ်းအနားသို့ တက်ရောက်ဖွင့်လှစ်ပြီး အမှာစကားပြောကြား



စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ စိုက်ပျိုးရေးဦးစီးဌာနက ကျင်းပပြုလုပ်သည့် မျိုးစေ့ပြပွဲ ၂၀၂၂ (Seed Fair 2022) ဖွင့်ပွဲအခမ်းအနားကို ဖေဖော်ဝါရီလ ၁၈ ရက်တွင် နေပြည်တော်ကောင်စီနယ်မြေ ပျဉ်းမနားမြို့ စိုက်ပျိုးရေးသိပ္ပံကျောင်း၌ ကျင်းပရာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် တက်ရောက်၍ ဖဲကြိုးဖြတ်ဖွင့်လှစ်ပြီး အမှာစကားပြောကြားခဲ့ပါသည်။

အခမ်းအနား၌ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က အမှာစကားပြောကြားရာတွင်–

- နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအနေဖြင့် နိုင်ငံတော်တွင်စားရေရိက္ခာပေါများပြီး နိုင်ငံသူနိုင်ငံသားများအားလုံး စားနပ်ရိက္ခာနှင့် အာဟာရပြည့်ဝစွာရရှိစေရန် ဦးစားပေးဆောင်ရွက်လျက်ရှိကြောင်း။
- မြန်မာနိုင်ငံတွင် ၃၈ သန်းမျှသော နိုင်ငံသူ၊ နိုင်ငံသားများသည် ကျေးလက်ဒေသများတွင် နေထိုင်ကြပြီး စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများဖြင့် အဓိကအသက်မွေးဝမ်းကျောင်းပြုကြသူများဖြစ်ကာ နိုင်ငံ၏အဓိကဝင်ငွေရရှိရေးအတွက် ဆောင်ရွက်နေကြသူများဖြစ်ကြောင်း။
- မိမိအနေဖြင့် စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများဆောင်ရွက်ရာတွင် ဖြစ်ထွန်းအောင်မြင်လိုပါက မျိုး၊ မြေ၊ ရေ၊ နည်း စသည့် ၄ ချက်ကိုအလေးထား ဆောင်ရွက်ရန် အမြဲတိုက်တွန်းပြောကြားလျက်ရှိကြောင်း။
- မျိုးကောင်းမျိုးသန့်သုံးစွဲခြင်းဖြင့် ရောဂါပိုးမွှားဒဏ်ခံနိုင်မှု၊ ရေငတ်ဒဏ်ခံနိုင်မှု၊ ရေဝပ်ဒဏ်ခံနိုင်မှု၊ အပူချိန်နိမ့်မြင့်ဒဏ်ခံနိုင်မှု၊ အထွက်ပိုမိုရရှိမှု စသည့်အကျိုးကျေးဇူးများကို ရရှိနိုင်မည်ဖြစ်ကြောင်း၊ ယခုနှစ်မျိုးစေ့ပြပွဲ၏ ဆောင်ပုဒ်အနေဖြင့် **"လူမှုစီးပွားတိုးတက်ဖို့ မျိုးကောင်းမျိုးသန့်သုံးကြစို့"**ဟု သတ်မှတ်ပြီး ကျင်းပခြင်းဖြစ်ကြောင်း။
- လယ်ယာထွက်ကုန်ပစ္စည်းများကို နိုင်ငံတကာ စံချိန်စံညွှန်းများနှင့် ကိုက်ညီပြည့်စုံစွာရရှိစေရန်အတွက် သီးနှံတန်ဖိုးကွင်းဆက်တစ်လျှောက်လုံးတွင် မျိုးစေ့စတင်ထုတ်လုပ်သည်မှ ဖြန့်ဖြူးခြင်းအပါအဝင် ထိန်းသိမ်းသိုလှောင်ခြင်း၊ ခေတ်မီနည်းပညာများဖြင့် တန်ဖိုးမြင့်ပစ္စည်းများထုတ်လုပ်ခြင်း၊ စနစ်တကျထုပ်ပိုးပြီး ဈေးကွက်သို့ တင်ပို့ရောင်းချခြင်းများအထိ အကျိုးရှိအောင် အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိကြောင်း။
- ထိုသို့အကောင်အထည်ဖော် ဆောင်ရွက်ရာတွင် မြန်မာနိုင်ငံ၏ ရာသီဥတုနှင့် ရေမြေအခြေအနေ ကွဲပြားခြားနားမှုရှိသည့်ဒေသအလိုက် ကောင်းစွာဖြစ်ထွန်းပြီး၊ အရည်အသွေးစံချိန်စံညွှန်းနှင့် ကိုက်ညီသည့် မျိုးစေ့များထုတ်လုပ်နိုင်ရေးသည် အရေးကြီးသော အခန်းကဏ္ဍမှ ပါဝင်လျက်ရှိကြောင်း။
- မျိုးစေ့ထုတ်လုပ်ရေးလုပ်ငန်းသည် ပြည်တွင်းလိုအပ်ချက်အတွက်သာမက ပြည်ပသို့ မျိုးစေ့တင်ပို့မှုအတွက်ကိုပါ ဆောင်ရွက်နိုင်ပြီး အကျိုးအမြတ်ကောင်းစွာ ရရှိနိုင်သည့် ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းကြီးတစ်ခုလည်းဖြစ်ကြောင်း။



**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ခင်းကျင်းပြသထားသည့် ပြခန်းများအတွင်း လှည့်လည်ကြည့်ရှုနေမှု**

- မျိုးစေ့ကို နိုင်ငံခြားမှ တင်သွင်းဖြန့်ဖြူးခြင်းထက် ပြည်တွင်း၌ မျိုးစေ့ထုတ်လုပ်ငန်းများ အရှိန်အဟုန်မြှင့်တင်ဆောင်ရွက်ပြီး၊ ပြည်တွင်းလုံလောက်မှုရှိရုံသာမက နိုင်ငံခြားသို့ တင်ပို့ရောင်းချနိုင်ရေးအတွက်ကိုပါ ကြိုးပမ်းဆောင်ရွက်သွားကြရန်အတွက်လည်း ထပ်လောင်းပြောကြားလိုကြောင်း။
- မျိုးစေ့ထုတ်လုပ်ခြင်းလုပ်ငန်းကို ဆောင်ရွက်နေကြသည့် အဖွဲ့အစည်းများ၊ ပုဂ္ဂလိကကုမ္ပဏီများအနေဖြင့်လည်း တည်ဆဲမျိုးစေ့နှင့် သက်ဆိုင်ရာဥပဒေများ၊ လုပ်ထုံးလုပ်နည်းများနှင့်အညီ လိုက်နာဆောင်ရွက်ပြီး မိမိတို့၏ မျိုးစေ့ထုတ်လုပ်ငန်းများ ရေရှည်တည်တံ့စေရန်နှင့် စံချိန်စံညွှန်းနှင့်ကိုက်ညီပြီး ဒေသအလိုက် အောင်မြင်ဖြစ်ထွန်းမှုရှိသော အရည်အသွေးကောင်းမျိုးစေ့များ ထုတ်လုပ်ဖြန့်ဖြူးသွားကြရန်အတွက်လည်း အထူးမှာကြားလိုကြောင်း။
- **"တောင်သူလယ်သမားများ သွင်းအားစု(မျိုးစေ့)များကို လွယ်ကူအဆင်ပြေစွာရရှိ သုံးစွဲနိုင်ရေးအတွက် ပံ့ပိုးကူညီစီမံဆောင်ရွက်ရန်"** ဆိုသည့် ပြဋ္ဌာန်းချက်နှင့်အညီ မျိုးစေ့ပြပွဲများကို ၂၀၁၈ ခုနှစ်မှစတင်၍ ကျင်းပပြုလုပ်ခဲ့ရာ ယခု "Seed Fair 2022" သည် စတုတ္ထအကြိမ်မြောက်ဖြစ်ပြီး ပြည်ထောင်စုနယ်မြေမှသည် တိုင်းဒေသကြီး/ ပြည်နယ်ခရိုင်အဆင့်များအထိ ကျယ်ကျယ်ပြန့်ပြန့်ဆောင်ရွက်သွားကြရန် ပြောကြားပြီး မျိုးစေ့ပြပွဲအတွင်း ခင်းကျင်းပြသထားသော ပြခန်းများနှင့် ပျဉ်းမနား စိုက်ပျိုးရေးသိပ္ပံကျောင်းအတွင်းရှိ စိုက်ခင်းများကို လှည့်လည်ကြည့်ရှုခဲ့ပါသည်။

မျိုးစေ့ပြပွဲ ၂၀၂၂ (Seed Fair 2022)ကို မျိုးကောင်းမျိုးသန့်မျိုးစေ့ ထုတ်လုပ်သုံးစွဲမှုဖွံ့ဖြိုးတိုးတက်လာစေရန်နှင့် လယ်ယာကဏ္ဍတွင် မျိုးကောင်းမျိုးသန့်မျိုးစေ့များ အသုံးပြုစိုက်ပျိုးခြင်းဖြင့် ထုတ်လုပ်မှုမြင့်မားပြီး နိုင်ငံတော်၏ လူမှုစီးပွားဘဝဖွံ့ဖြိုးမှုကို အထောက်အကူဖြစ်စေရန် ရည်ရွယ်ကျင်းပခြင်းဖြစ်ကြောင်းနှင့် ယခုပြပွဲကို **"လူမှုစီးပွားတိုးတက်ဖို့ မျိုးကောင်းမျိုးသန့်သုံးကြစို့"** ခေါင်းစဉ်ဖြင့် (၅)ရက် ကျင်းပသွားမည်ဖြစ်ပြီး ပြပွဲရက်အတွင်း စကားဝိုင်းဆွေးနွေးပွဲများ၊ တောင်သူနှီးနှောဖလှယ်ပွဲများနှင့် နည်းပညာအခြေပြု စိုက်ပျိုးပညာပေးရေးလုပ်ငန်းများကို ထည့်သွင်းပြုလုပ်သွားမည်ဖြစ်ကြောင်း သိရှိရပါသည်။

**(မြဝတီသတင်းစာ ၁၉-၂-၂၀၂၂)**

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ခင်းကျင်းပြသထားသည့် ပြခန်းများအတွင်း လှည့်လည်ကြည့်ရှုနေသည့်မှတ်တမ်းဓာတ်ပုံများ












နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်
ပျဉ်းမနား စိုက်ပျိုးရေးသိပ္ပံကျောင်းအတွင်းရှိ စိုက်ခင်းများကို လှည့်လည်ကြည့်ရှုနေမှု



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်
ပျဉ်းမနား စိုက်ပျိုးရေးသိပ္ပံကျောင်းရှိ ဆရာ၊ ဆရာမများနှင့် ကျောင်းသား၊ ကျောင်းသူများကို ရင်းရင်းနှီးနှီးနှုတ်ဆက်နေမှု

- နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအနေဖြင့် နိုင်ငံတော်တွင်စားရေရိက္ခာပေါ်များပြီး နိုင်ငံသူနိုင်ငံသားများအားလုံး စားနပ်ရိက္ခာနှင့် အာဟာရ ပြည့်ဝစွာရရှိစေရန် ဦးစားပေးဆောင်ရွက်လျက်ရှိ။
- မျိုးကောင်းမျိုးသန့်သုံးစွဲခြင်းဖြင့် ရောဂါပိုးမွှားဒဏ်ခံနိုင်မှု၊ ရေငတ်ဒဏ်ခံနိုင်မှု၊ ရေဝပ်ဒဏ်ခံနိုင်မှု၊ အပူချိန်နိမ့်မြင့်ဒဏ်ခံနိုင်မှု၊ အထွက်ပိုမိုရရှိမှု စသည့်အကျိုးကျေးဇူးများကို ရရှိနိုင်မည်ဖြစ်။
- မြန်မာနိုင်ငံ၏ ရာသီဥတုနှင့် ရေမြေအခြေအနေ ကွဲပြားခြားနားမှုရှိသည့်ဒေသအလိုက် ကောင်းစွာဖြစ်ထွန်းပြီး၊ အရည်အသွေးစံချိန်စံညွှန်းနှင့်ကိုက်ညီသည့် မျိုးစေ့များထုတ်လုပ်နိုင်ရေးသည် အရေးကြီးသောအခန်းကဏ္ဍမှ ပါဝင်လျက်ရှိ။
- ယခုပြပွဲကို "လူမှုစီးပွားတိုးတက်ဖို့ မျိုးကောင်းမျိုးသန့်သုံးကြစို့" ခေါင်းစဉ်ဖြင့် (၅)ရက် ကျင်းပသွားမည်ဖြစ်ပြီး ပြပွဲရက်အတွင်း စကားပိုင်းဆွေးနွေးပွဲများ၊ တောင်သူနှီးနှောဖလှယ်ပွဲများနှင့် နည်းပညာအခြေပြု စိုက်ပျိုးပညာပေးရေးလုပ်ငန်းများကို ထည့်သွင်းပြုလုပ်သွားမည်ဖြစ်။

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်က (၇၄)နှစ်မြောက် ချင်းအမျိုးသားနေ့အခမ်းအနားသို့ ပေးပို့သည့်သဝဏ်လွှာကောက်နုတ်ချက်

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်က ၂၀၂၂ ခုနှစ်၊ ဖေဖော်ဝါရီလ ၂၀ ရက်တွင်ကျရောက်သော (၇၄)နှစ်မြောက် ချင်းအမျိုးသားနေ့အခမ်းအနားသို့ ပေးပို့သည့် သဝဏ်လွှာ ကောက်နုတ်ချက်မှာ-

- ၁၉၅၀ ခုနှစ်၊ အောက်တိုဘာလ (၉)ရက်တွင် ရန်ကုန်မြို့၌ ကျင်းပသော သတ္တမအကြိမ်မြောက် ချင်းရေးရာကောင်စီ ညီလာခံတွင် ချင်းအမျိုးသားနေ့ သတ်မှတ်ရေးအဆိုများ တင်သွင်းမှုအပေါ် တက်ရောက်လာသော အမတ်အားလုံး၏ ဆန္ဒကိုရယူပြီး ဖလမ်းမြို့တွင် လူထုညီလာခံကျင်းပခဲ့သည့် ဖေဖော်ဝါရီလ(၂၀)ရက်ကို ချင်းအမျိုးသားနေ့အဖြစ် ရွေးချယ်သတ်မှတ် အတည်ပြုခဲ့ကြောင်း။
- လက်ရှိအခြေအနေတွင် ချင်းပြည်နယ် နေရာဒေသအချို့ အပါအဝင် နိုင်ငံနေရာအနှံ့အပြား၌ ဆူပူအကြမ်းဖက်မှုများ၊ တရားဥပဒေကို ဖောက်ဖျက်ကျူးလွန်မှုများနှင့် နိုင်ငံ ပြိုကွဲပျက်စီးစေမည့် အဖျက်လုပ်ရပ်များစွာဖြစ်ပေါ်ခဲ့သည့် အကြောင်းရင်းအမှန်တရားများကိုသိရှိနားလည်ကာ နိုင်ငံ တော်ပြိုကွဲပျက်စီးအောင် လုပ်ဆောင်နေကြသူများနှင့် ပြည်တွင်း၊ ပြည်ပအဖျက်အမှောင့်သမားများ၏ လုပ်ဆောင်နေမှုများ၊ ပယောဂများကို သိမြင်ခံစားသတိထားကြပြီး အဖျက်လုပ်ရပ်များကို ဝိုင်းဝန်းကာကွယ်စောင့်ရှောက်သွားကြရန် လိုအပ်ကြောင်း။
- စစ်မှန်သောမျိုးချစ်စိတ်ဓာတ်ဖြင့် ပြည်ထောင်စုကြီးအေးချမ်းသာယာစေရန်၊ ဖွံ့ဖြိုးတိုးတက်စေရန်နှင့် တိုင်းရင်းသားပြည်သူအားလုံး၏ဆန္ဒနှင့်အညီ ဒီမိုကရေစီနှင့်ဖက်ဒရယ်စနစ်ကိုအခြေခံသည့် ပြည်ထောင်စုကြီးတည်ဆောက်ရေးအတွက် တက်ညီလက်ညီပူးပေါင်းဆောင်ရွက်ကြရမည့် အချိန်ကျရောက်နေပြီဖြစ်ကြောင်း။
- နိုင်ငံတော်အစိုးရအနေဖြင့် ပြည်တွင်းငြိမ်းချမ်းရေး ရရှိစေရန်နှင့် တစ်နိုင်ငံလုံး အပစ်အခတ်ရပ်စဲရေးအတွက် အလေးထားကြိုးစားဆောင်ရွက်လျက်ရှိပြီး နိုင်ငံဖွံ့ဖြိုးတိုးတက်ရေးအတွက် လက်နက်ကိုင်ပဋိပက္ခချုပ်ငြိမ်းရေးကို တိုင်းရင်းသားပြည်သူအားလုံးက နိုင်ငံတော်အစိုးရနှင့်အတူ လက်တွဲကြိုးပမ်းဖော်ဆောင်ပေးကြပါရန် မေတ္တာရပ်ခံ တိုက်တွန်းအပ်ကြောင်း။
- နိုင်ငံတော်အစိုးရအနေဖြင့် ချင်းပြည်နယ်၏ လူ့စွမ်းအားအရင်းအမြစ်ဖွံ့ဖြိုးတိုးတက်ရေးအတွက် အခြေခံပညာကျောင်းများကို တိုးချဲ့ဖွင့်လှစ်ပေးခြင်းနှင့် အဆင့်တိုးမြှင့်ပေးခြင်း၊ ပညာရေးဆိုင်ရာအဆောက်အအုံများပြုပြင်ပေးခြင်းနှင့် အသစ်ဆောက်လုပ်ပေးခြင်း၊ ဆရာ/ဆရာမများ တိုးချဲ့ခန့်ထားပေးခြင်းတို့ကို ဆောင်ရွက်ပေးလျက်ရှိသည့်အပြင် ကျန်းမာရေးစောင့်ရှောက်မှုအတွက် ဆေးရုံ၊ ဆေးပေးခန်းများ တိုးချဲ့ဖွင့်လှစ်ပေးခြင်းနှင့် ဆရာဝန်လိုအပ်မှုဖြည့်ဆည်းပေးခြင်းတို့ကိုလည်း ဆောင်ရွက်ပေးလျက်ရှိကြောင်း။
- နိုင်ငံတော်အစိုးရအနေဖြင့် ချင်းပြည်နယ်ရှိ ပြည်သူများ မျှော်လင့်တောင့်တနေသော ချင်းပြည်နယ်အနှံ့အပြား မဟာဓာတ်အားလိုင်းမှ လျှပ်စစ်မီးရရှိရေး၊ လမ်းပန်းဆက်သွယ်ရေးကောင်းမွန်စေရေးအတွက် ပြည်မနှင့်လွယ်ကူစွာ ဆက်သွယ်သွားလာနိုင်သော အဝေးပြေးလမ်းများနှင့် ပြည်နယ်တွင်းလမ်းများကို တိုးချဲ့ဆောင်ရွက်ပေးလျက်ရှိသည့်အပြင် ချင်းပြည်နယ်မှ နိုင်ငံရပ်ခြားအထိ ရေကြောင်းခရီးဖြင့် ဆက်သွယ်သွားလာနိုင်မည့် ကုလားတန်မြစ်ဝှမ်းဖွံ့ဖြိုးရေးနှင့် ပလက်ဝမြို့ဆိပ်ကမ်းတည်ဆောက်ခြင်းတို့ကိုလည်း ဆောင်ရွက်ပေးလျက်ရှိကြောင်း။
- ချင်းပြည်နယ်တွင် သွားလာရန်ခက်ခဲသော သဘာဝမြေမျက်နှာပြင်နှင့် မြင့်မားသောတောင်တန်း၊ တောင်စွယ်များတည်ရှိခြင်းကြောင့် ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများ ဆောင်ရွက်ရာတွင် အခက်အခဲများ ကြုံတွေ့နေရသော်လည်း နိုင်ငံတော်အနေဖြင့် ပြည်နယ်တိုးတက်ရေးအတွက် ကြိုးပမ်းဖြည့်ဆည်းဆောင်ရွက်ပေးလျက်ရှိရာ ချင်းပြည်နယ်အတွင်းရှိ တိုင်းရင်းသားပြည်သူများက နိုင်ငံတော်

အစိုးရ၊ ပြည်နယ်အစိုးရတို့နှင့်အတူ လက်တွဲကြိုးပမ်း ဆောင်ရွက်သွားကြရန်လိုအပ်ကြောင်း။

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ကို အေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သည့် ဒီမိုကရေစီနှင့်ဖက်ဒရယ်စနစ်ကိုအခြေခံသော ပြည်ထောင်စုအဖြစ် တည်ဆောက်ရာတွင် တိုင်းရင်းသားအားလုံး တန်းတူရည်တူ ပါဝင်ဖော်ဆောင်နိုင်မှုသည် လွန်စွာအရေးပါပြီး ချင်းပြည်နယ်အတွင်းရှိ တိုင်းရင်းသားပြည်သူများအားလုံးကလည်း စည်းလုံးညီညွတ်စွာဖြင့် ဝိုင်းဝန်းပါဝင်ဆောင်ရွက်ကြရန် တိုက်တွန်းလျက် သဝဏ်လွှာပေးပို့ခဲ့ပါသည်။

(မြဝတီသတင်းစာ ၂၀-၂-၂၀၂၂)

- **ချင်းပြည်နယ်နေရာဒေသအချို့အပါအဝင် နိုင်ငံနေရာအနှံ့အပြား၌ ဆူပူအကြမ်းဖက်မှုများ၊ တရားဥပဒေကို ဖောက်ဖျက်ကျူးလွန်မှုများနှင့် နိုင်ငံပြိုကွဲပျက်စီးစေမည့် အဖျက်လုပ်ရပ်များစွာဖြစ်ပေါ်ခဲ့သည့် အကြောင်းရင်း အမှန်တရားများကို သိရှိနားလည်ကာ နိုင်ငံတော်ပြိုကွဲပျက်စီးအောင် လုပ်ဆောင်နေကြသူများနှင့် ပြည်တွင်း၊ ပြည်ပအဖျက်အမှောင့်သမားများ၏ လုပ်ဆောင်နေမှုများ၊ ပယောဂများကို သိမြင်ခံစားသတိထားကြပြီး အဖျက်လုပ်ရပ်များကို ဝိုင်းဝန်းကာကွယ်စောင့်ရှောက်သွားကြရန် လိုအပ်။**
- **နိုင်ငံဖွံ့ဖြိုးတိုးတက်ရေးအတွက် လက်နက်ကိုင်ပဋိပက္ခချုပ်ငြိမ်းရေးကို တိုင်းရင်းသားပြည်သူအားလုံးက နိုင်ငံတော်အစိုးရနှင့်အတူ လက်တွဲကြိုးပမ်းဖော်ဆောင်ပေးကြပါရန် မေတ္တာရပ်ခံ တိုက်တွန်းအပ်။**
- **ချင်းပြည်နယ်၏ သဘာဝပထဝီအနေအထားအရ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများဆောင်ရွက်ရာတွင် အခက်အခဲများကြုံတွေ့နေရသော်လည်း နိုင်ငံတော်အနေဖြင့် ပြည်နယ်တိုးတက်ရေးအတွက် ကြိုးပမ်းဖြည့်ဆည်းဆောင်ရွက်ပေးလျက်ရှိရာ ချင်းပြည်နယ်အတွင်းရှိ တိုင်းရင်းသားပြည်သူများက နိုင်ငံတော်အစိုးရ၊ ပြည်နယ်အစိုးရတို့နှင့်အတူ လက်တွဲကြိုးပမ်းဆောင်ရွက်သွားကြရန် လိုအပ်။**

---

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်း နိုင်ငံအဆင့်ပင်လယ်ကမ်းရိုးတန်း သယံဇာတစီမံအုပ်ချုပ်လုပ်ကိုင်မှုဗဟိုကော်မတီ ဒုတိယအကြိမ်အစည်းအဝေးသို့ တက်ရောက်အမှာစကားပြောကြား

နိုင်ငံအဆင့်ပင်လယ်ကမ်းရိုးတန်း သယံဇာတစီမံအုပ်ချုပ်လုပ်ကိုင်မှုဗဟိုကော်မတီ ဒုတိယအကြိမ်အစည်းအဝေးကို ဖေဖော်ဝါရီလ ၁၆ ရက်တွင် နေပြည်တော်ရှိ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာနရှိ အင်ကြင်းခန်းမ၌ကျင်းပခဲ့ရာ ဗဟိုကော်မတီဥက္ကဋ္ဌ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌက-

- နိုင်ငံတော်အစိုးရအနေဖြင့် မြန်မာ့ပင်လယ်ကမ်းရိုးတန်း သယံဇာတများသည် နိုင်ငံရေရှည်ဖွံ့ဖြိုးရေးအတွက် အလားအလာကောင်းများစွာဖန်တီးပေးနိုင်သော သဘာဝသယံဇာတများအဖြစ်ရှုမြင်ပြီး သားစဉ်မြေးဆက်ရေရှည်ထိန်းသိမ်းအသုံးပြုနိုင်ရေး စီမံအုပ်ချုပ်ရန် ရည်မှန်းထားရှိကြောင်း။
- မြန်မာ့ပင်လယ်ကမ်းရိုးတန်း သယံဇာတဘက်စုံစီမံအုပ်ချုပ်ခြင်းအစီအစဉ်တွင် "မြန်မာ့ကမ်းရိုးတန်းနှင့် အဏ္ဏဝါသယံဇာတများအား နိုင်ငံ၏သဘာဝအရင်းအမြစ်အဖြစ် တန်ဖိုးထားရမည်၊ ၎င်းသယံဇာတများကို အကျိုးဆက်စပ်ပတ်သက်သူအားလုံး၏ ပူးပေါင်းပါဝင်မှုဖြင့် ထိန်းသိမ်းရေးနှင့် ဖွံ့ဖြိုးရေးရည်ရွယ်ချက်များ ညီမျှရေးမူ၊ သဘာဝနှင့်လူသားတို့ကြောင့် ထိခိုက်နိုင်မှုအပေါ် တုံ့ပြန်ကာကွယ်နိုင်စွမ်းကို မြှင့်တင်ရေးမူ၊ အားလုံးပါဝင်မှုဖြင့် လက်ရှိနှင့် အနာဂတ်မျိုးဆက်များအတွက် ရေရှည်ဖွံ့ဖြိုးရေးမူများကို အခြေခံ၍ အကျိုးရှိစွာအသုံးချနိုင်ရေး"ကို အနှစ်ချုပ်ရည်မှန်းချက်အနေဖြင့် ဖော်ထုတ်ထားရှိကြောင်း။



**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်း နိုင်ငံအဆင့်ပင်လယ်ကမ်းရိုးတန်း သယံဇာတစီမံအုပ်ချုပ်လုပ်ကိုင်မှုဗဟိုကော်မတီ ဒုတိယအကြိမ်အစည်းအဝေးသို့ တက်ရောက်အမှာစကားပြောကြားနေမှု**

- ပင်လယ်ကမ်းရိုးတန်းဒေသ ဘက်စုံစီမံအုပ်ချုပ်ခြင်းအတွက် ဌာနအသီးသီး၊ ကဏ္ဍအသီးသီးတို့က ဆောင်ရွက်မည့်စီမံချက်များကို ICM အစီအစဉ်ဖြင့်ချိတ်ဆက်ပြီး နိုင်ငံတော်မှထောက်ပံ့ပေးနိုင်သည့် ရန်ပုံငွေဖြင့် မြန်မာနိုင်ငံ၏ နိုင်ငံတကာမိတ်ဖက်အဖွဲ့အစည်းများမှ ဖွံ့ဖြိုးရေးရန်ပုံငွေများ ရှာဖွေပြီး ပူးပေါင်းဆောင်ရွက်နိုင်မည့် လုပ်ငန်းအစီအစဉ်တစ်ခုအနေဖြင့် အသုံးပြုသွားနိုင်ရေးကိုလည်းရည်မှန်းထားကြောင်း။
- မြန်မာနိုင်ငံတွင် Blue Economy ဖွံ့ဖြိုးရေးဆောင်ရွက်နိုင်ခြေရှိသည့် အခွင့်အလမ်း(၄)ရပ်ကို WCS Myanmar က ၂၀၁၅ ခုနှစ်တွင် သုံးသပ်တင်ပြရာတွင် ပင်လယ်ကမ်းရိုးတန်းနှင့် အဏ္ဏဝါဒေသလုပ်ငန်းကဏ္ဍနယ်ပယ်များအလိုက် စီမံအုပ်ချုပ်မှု အစီအစဉ်များနှင့် မူဝါဒများ ခိုင်မာစွာသတ်မှတ်ထားရှိခြင်း၊ ပင်လယ်ကမ်းရိုးတန်းနှင့် အဏ္ဏဝါအရင်းအမြစ်များထုတ်ယူရေးတွင် ထိရောက်စွာ ရင်းနှီးမြှုပ်နှံနိုင်ခြင်း၊ ပင်လယ်ကမ်းရိုးတန်းနှင့် အဏ္ဏဝါဇီဝမျိုးစုံမျိုးကွဲများကြွယ်ဝခြင်းကြောင့် ထိန်းသိမ်းရေးလုပ်ငန်းများ ထိထိရောက်ရောက်ဆောင်ရွက်ရန် အခြေအနေကောင်းများရှိခြင်းနှင့် သဘာဝဘေးအန္တရာယ်ကာကွယ်ရေးအတွက် ဒီရေတောများတည်ထောင်ပြုစုထိန်းသိမ်းသည့် လုပ်ငန်းများကို ပတ်ဝန်းကျင်ဆိုင်ရာလုံခြုံရေးနှင့် ကာကွယ်မှုမြှင့်တင်ရေးအစီအစဉ်တစ်ရပ်အနေဖြင့် ဆောင်ရွက်နိုင်ခြေရှိခြင်းများဖြစ်သည်ဟု တင်ပြထားရှိကြောင်း။
- မြန်မာနိုင်ငံအနေဖြင့် ကုလသမဂ္ဂဖွံ့ဖြိုးမှုပန်းတိုင် (၁၄) ဖြစ်သည့် ကမ်းရိုးတန်းနှင့် အဏ္ဏဝါဒေသရေရှည်ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာလုပ်ငန်းများကို နိုင်ငံတကာနှင့် ရင်ဘောင်တန်းလက်တွဲပူးပေါင်းဆောင်ရွက်နေသကဲ့သို့ ကိုဗစ်ကပ်ရောဂါကာလအလွန် ပင်လယ်ကမ်းရိုးတန်းဒေသဖွံ့ဖြိုးတိုးတက်ရေးအတွက် ဌာနများအလိုက်၊ ကဏ္ဍများအလိုက် ထိရောက်သည့်လုပ်ငန်းစီမံချက်များ ဖော်ထုတ်ဆောင်ရွက် ကြရန်။
- အနာဂတ်ကာလ ပင်လယ်ကမ်းရိုးတန်းနှင့် အဏ္ဏဝါဒေသ ထိန်းသိမ်းရေးနှင့်ဖွံ့ဖြိုးရေးစီမံကိန်းများ ဆောင်ရွက်သည့်အခါ မြန်မာနိုင်ငံပင်လယ်ကမ်းရိုးတန်းဒေသ ဘက်စုံစီမံအုပ်ချုပ်ခြင်းအစီအစဉ်နှင့်ချိတ်ဆက်၍ Blue Economy ကဏ္ဍဖွံ့ဖြိုးရေးကို ဦးတည်ဆောင်ရွက်သွားကြရမည်ဖြစ်ကြောင်း ပြောကြားခဲ့ပါသည်။

ထို့နောက် ဗဟိုကော်မတီဝင်များဖြစ်ကြသည့် ပြည်ထောင်စုဝန်ကြီးများ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်ဝန်ကြီးချုပ်များ၊ ဒုတိယဝန်ကြီးများ၊ အမြဲတမ်းအတွင်းဝန်များနှင့် ညွှန်ကြားရေးမှူးချုပ်များက သက်ဆိုင်ရာကဏ္ဍများအလိုက် ရှင်းလင်းတင်ပြခဲ့ကြရာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ်က ရှင်းလင်းတင်ပြချက်များအပေါ် ဖြည့်စွက်ဆွေးနွေးခဲ့ကြောင်း သိရှိရပါသည်။

**(မြဝတီသတင်းစာ ၁၇-၂-၂၀၂၂)**

- နိုင်ငံတော်အစိုးရအနေဖြင့် မြန်မာ့ပင်လယ်ကမ်းရိုးတန်းသယံဇာတများသည် နိုင်ငံရေရှည်ဖွံ့ဖြိုးရေးအတွက် အလားအလာကောင်းများစွာဖန်တီးပေးနိုင်သော သဘာဝသယံဇာတများအဖြစ်ရှုမြင်ပြီး သားစဉ်မြေးဆက်ရေရှည် ထိန်းသိမ်းအသုံးပြုနိုင်ရေး စီမံအုပ်ချုပ်ရန် ရည်မှန်းထားရှိ။
- မြန်မာနိုင်ငံအနေဖြင့် ကုလသမဂ္ဂဖွံ့ဖြိုးမှုပန်းတိုင် (၁၄)ဖြစ်သည့် ကမ်းရိုးတန်းနှင့် အဏ္ဏဝါဒေသ ရေရှည်ဖွံ့ဖြိုး တိုးတက်ရေးဆိုင်ရာလုပ်ငန်းများကို နိုင်ငံတကာနှင့် ရင်ဘောင်တန်းလက်တွဲပူးပေါင်းဆောင်ရွက်နေသကဲ့သို့ ကိုဗစ် ကပ်ရောဂါကာလအလွန် ပင်လယ်ကမ်းရိုးတန်းဒေသဖွံ့ဖြိုးတိုးတက်ရေးအတွက် ဌာနများအလိုက်၊ ကဏ္ဍများ အလိုက် ထိရောက်သည့် လုပ်ငန်းစီမံချက်များ ဖော်ထုတ်ဆောင်ရွက်ကြရန်။
- အနာဂတ်ကာလ ပင်လယ်ကမ်းရိုးတန်းနှင့် အဏ္ဏဝါဒေသထိန်းသိမ်းရေးနှင့်ဖွံ့ဖြိုးရေးစီမံကိန်းများ ဆောင်ရွက်သည့် အခါ မြန်မာနိုင်ငံ ပင်လယ်ကမ်းရိုးတန်းဒေသ ဘက်စုံစီမံအုပ်ချုပ်ခြင်းအစီအစဉ်နှင့်ချိတ်ဆက်၍ Blue Economy ကဏ္ဍဖွံ့ဖြိုးရေးကို ဦးတည်ဆောင်ရွက်သွားကြရမည်ဖြစ်။

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်း ကိုဗစ်-၁၉ ရောဂါ ထိန်းချုပ်ရေးနှင့် အရေးပေါ်တုံ့ပြန်ရေးကော်မတီ လုပ်ငန်းညှိနှိုင်းအစည်းအဝေးသို့ တက်ရောက်အမှာစကားပြောကြား




ကိုဗစ်-၁၉ ရောဂါ ထိန်းချုပ်ရေးနှင့် အရေးပေါ်တုံ့ပြန် ရေးကော်မတီ လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ဖေဖော်ဝါရီလ ၁၇ ရက်တွင် နေပြည်တော်ရှိ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌရုံး အစည်းအဝေးခန်းမ၌ ကျင်းပခဲ့ရာ ကိုဗစ်-၁၉ ရောဂါ ထိန်း ချုပ်ရေးနှင့် အရေးပေါ်တုံ့ပြန်ရေးကော်မတီဥက္ကဋ္ဌ နိုင်ငံတော်စီမံ အုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ်က-

- ကိုဗစ်-၁၉ ရောဂါကူးစက်မှုသည် ၂၀၂၂ ခုနှစ်၊ ဇန်နဝါရီလ နောက်ပိုင်းမှစတင်၍ တဖြည်းဖြည်းမြင့်တက်လာသည်ကို တွေ့ရကြောင်း။
- နိုင်ငံတကာတွင်ရောက်ရှိနေသည့် မြန်မာနိုင်ငံသားများ ကို ပြန်လည်ခေါ်ဆောင်ခြင်း၊ တာဝန်ထမ်းဆောင်ရန် နိုင်ငံ တကာက ရောက်ရှိလာခြင်းများရှိပြီး ယင်းအဖွဲ့များမှ ကိုဗစ် Positive တွေ့ရှိသူ ပိုများကြောင်း။
- ကိုဗစ်-၁၉ ရောဂါနှင့်ပတ်သက်၍ ကြပ်မတ်ထိန်းချုပ်နေ သော်လည်း အိုမီခရွန်ကူးစက်မှုမှာ တဖြည်းဖြည်းတိုးလာ ကြောင်း၊ ရန်ကုန်တိုင်းဒေသကြီးတွင် ပိုးတွေ့ရှိမှု ရာခိုင်နှုန်း အများဆုံးဖြစ်ပြီး ၂၀ ဒသမ ၉၉ ရာခိုင်နှုန်းရှိကြောင်း။

- Quarantine စင်တာများ၊ Positive စင်တာများ၊ ကုသရေးစင်တာများကို နိုင်ငံတော်ဝန်ကြီးချုပ်၏ လမ်းညွှန်ချက်ဖြင့် တပ်မတော်ဆေးရုံများနှင့် ပြည်သူ့ဆေးရုံကြီးများတွင် ကြိုတင်ပြင်ဆင်ဆောင်ရွက်ထားကြောင်းနှင့် အောက်ဆီဂျင်ပြတ်လပ်မှုမရှိအောင်လည်း စီမံဆောင်ရွက်ထားကြောင်း။
- ယခု ဖြစ်ပွားနေသည့် Omicron သည် Delta မျိုးကွဲထက် ကူးစက်မှုနှုန်း ၄ ဆခန့်မြန်ကြောင်း၊ ယခု စတုတ္ထလှိုင်းတွင်လည်း ပြည်သူများအနေဖြင့် ကိုဗစ်-၁၉ ဆိုင်ရာ စည်းမျဉ်းစည်းကမ်းများကို တိတိကျကျလိုက်နာပေးကြရန် မေတ္တာရပ်ခံပါကြောင်း။
- ပြည်သူလူထုအတွင်း ကိုဗစ်-၁၉ ကူးစက်မြန် အိုမီခရွန်ရောဂါပိုး မိမိအနီးပတ်ဝန်းကျင်တွင် ရှိနေကြောင်း သတိပြုမိစေသည်အထိ အသိပညာ၊ ဗဟုသုတများ နည်းလမ်းပေါင်းစုံဖြင့် ရောက်ရှိနိုင်အောင် ပူးပေါင်းဆောင်ရွက်ပေးကြရန် လိုအပ်မည်ဖြစ်ပြီး ပြည်သူတစ်ဦးချင်းအနေဖြင့်လည်း ပူးပေါင်းလိုက်နာဆောင်ရွက်ပေးရန် လိုအပ်ကြောင်း ပြောကြားခဲ့ပါသည်။

ထို့နောက် အစည်းအဝေးသို့ တက်ရောက်လာကြသည့် ပြည်ထောင်စုဝန်ကြီးများ၊ နေပြည်တော်ကောင်စီဥက္ကဋ္ဌ၊ တိုင်းဒေသကြီးနှင့်ပြည်နယ်ဝန်ကြီးချုပ်များ၊ ဒုတိယဝန်ကြီးများနှင့် တာဝန်ရှိသူများက သက်ဆိုင်ရာကဏ္ဍများအလိုက် ဆောင်ရွက်သွားမည့် ကိုဗစ်-၁၉ ရောဂါ Omicron မျိုးကွဲ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးဆိုင်ရာလုပ်ငန်းစဉ်များကို ရှင်းလင်းတင်ပြခဲ့ရာ ကိုဗစ်-၁၉ ရောဂါ ထိန်းချုပ်ရေးနှင့် အရေးပေါ်တုံ့ပြန်ရေးကော်မတီဥက္ကဋ္ဌက တင်ပြချက်များအပေါ် ပြန်လည်သုံးသပ်ဆွေးနွေးပြီး ဆောင်ရွက်သင့်သည့်လုပ်ငန်းများကို ညှိနှိုင်းပေါင်းစပ်ပေးကာ အစည်းအဝေးကို ရုပ်သိမ်းလိုက်ကြောင်း သိရှိရပါသည်။

**(မြဝတီသတင်းစာ ၁၈-၂-၂၀၂၂)**

- **နိုင်ငံတကာတွင်ရောက်ရှိနေသည့် မြန်မာနိုင်ငံသားများကို ပြန်လည်ခေါ်ဆောင်ခြင်း၊ တာဝန်ထမ်းဆောင်ရန် နိုင်ငံတကာက ရောက်ရှိလာခြင်းများရှိပြီး ယင်းအဖွဲ့များမှ ကိုဗစ် Positive တွေ့ရှိသူ ပိုများ။**
- **Quarantine စင်တာများ၊ Positive စင်တာများ၊ ကုသရေးစင်တာများကို နိုင်ငံတော်ဝန်ကြီးချုပ်၏ လမ်းညွှန်ချက်ဖြင့် တပ်မတော်ဆေးရုံများနှင့် ပြည်သူ့ဆေးရုံကြီးများတွင် ကြိုတင်ပြင်ဆင်ဆောင်ရွက်ထားကြောင်းနှင့် အောက်ဆီဂျင်ပြတ်လပ်မှုမရှိအောင်လည်း စီမံဆောင်ရွက်ထား။**
- **ယခု ဖြစ်ပွားနေသည့် Omicron သည် Delta မျိုးကွဲထက် ကူးစက်မှုနှုန်း ၄ ဆ ခန့်မြန်ကြောင်း၊ ယခု စတုတ္ထလှိုင်းတွင်လည်း ပြည်သူများအနေဖြင့် ကိုဗစ်-၁၉ ဆိုင်ရာ စည်းမျဉ်းစည်းကမ်းများကို တိတိကျကျလိုက်နာပေးကြရန်။**

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်း တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေး ဦးဆောင်ကော်မတီအစည်းအဝေး (၁/၂၀၂၂)သို့ တက်ရောက်အမှာစကားပြောကြား



တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေး ဦးဆောင်ကော်မတီအစည်းအဝေး (၁/၂၀၂၂)ကို ဖေဖော်ဝါရီလ ၁၈ ရက်တွင် နေပြည်တော်ရှိ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ကျင်းပခဲ့ရာ တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေး ဦးဆောင်ကော်မတီဥက္ကဋ္ဌ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ၊ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်း တက်ရောက်အမှာစကားပြောကြားခဲ့ရာ–

- ဦးဆောင်ကော်မတီအနေဖြင့် တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးလုပ်ငန်းများဆောင်ရွက်ရာတွင် နိုင်ငံအတွက် ရသင့်ရထိုက်သည့်အခွန်အခများ မဆုံးရှုံးစေရေး၊ ပြည်တွင်းတိုင်းရင်းသားလုပ်ငန်းရှင်များ၏ ယှဉ်ပြိုင်နိုင်စွမ်း မြှင့်တင်ပေးရေးနှင့် စားသုံးသူပြည်သူလူထုအန္တရာယ် ကင်းရှင်းစေရေးတို့အပြင် အမျိုးသားလုံခြုံရေးနှင့် ကျန်းမာရေးတို့ကို ဦးတည်၍ တရားမဝင်ကုန်သွယ်မှု တိုက်ဖျက်ရေးလုပ်ငန်းစဉ်များကို ထိထိရောက်ရောက် အကောင်အထည်ဖော် ဆောင်ရွက်ကြရန်လိုကြောင်း။
- တရားမဝင်ကုန်သွယ်မှုများကို ဥပဒေနှင့်အညီ ထိရောက်စွာ တားဆီးအရေး ယူနိုင်ရေးဆောင်ရွက်ရာတွင် နယ်စပ်ဝင်/ထွက်ဂိတ်များ၊ နယ်စပ်ဝင်/ထွက်ဂိတ် အနီးပတ်ဝန်းကျင်တွင်ရှိသည့် သိုလှောင်မှုများ၊ ကုန်သွယ်မှုလမ်းကြောင်းတစ်လျှောက် သယ်ယူပို့ဆောင်မှုများ၊ အပြည်ပြည်ဆိုင်ရာ လေဆိပ်နှင့် ဆိပ်ကမ်းများ၊ အဆိုပါ လေဆိပ်နှင့် ဆိပ်ကမ်းများတွင်ရှိသည့် သိုလှောင်မှုများအပြင် ဈေးကွက်ကြီးများ တည်ရှိရာ မြို့ကြီးများရှိ အဓိကသိုလှောင်မှုနှင့် ဖြန့်ဖြူးမှုများကိုပါ သတင်းရယူ ဖော်ထုတ်စစ်ဆေးပြီး ဥပဒေနှင့်အညီ အရေးယူဆောင်ရွက်ကြရမည်ဖြစ်ကြောင်း။
- တရားမဝင်ကုန်သွယ်မှု တိုက်ဖျက်ရေးလုပ်ငန်းများ ဆောင်ရွက်ရာတွင် ဥပဒေနှင့်အညီ ဆောင်ရွက်နိုင်စေရန် မြေပြင်လုပ်ငန်းစီမံချက်ဖြင့် Standard Operating Pro–cedures (SOPs) များကို အတည်ပြုခဲ့ပြီး အထူးအဖွဲ့များအားလုံးနှင့် OSS ဌာနဆိုင်ရာအားလုံးသို့ ဖြန့်ဝေပေးခဲ့ပြီးဖြစ်ကြောင်း။
- တိုင်းဒေသကြီးနှင့် ပြည်နယ်အလိုက် တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေး အထူးအဖွဲ့များနှင့် OSS ဌာနဆိုင်ရာ ပူးပေါင်းအဖွဲ့များအနေဖြင့်လည်း ရေးဆွဲထားသည့် လုပ်ငန်းစဉ်များအတိုင်း ထိထိမိမိဆောင်ရွက်ကြရမည်ဖြစ်ကြောင်း။
- တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေး အထူးအဖွဲ့များအနေဖြင့် ၂၀၂၁ ခုနှစ်၊ ဖေဖော်ဝါရီလမှ ဒီဇင်ဘာလအထိ (၁၁)လတာကာလအတွင်း (၁,၉၂၉)မှုနှင့် တန်ဖိုးကျပ် (၇,၄၁၂ ဒသမ ၃၇၀) သန်း ဖမ်းဆီးနိုင်ခဲ့ပြီး ၂၀၂၂ ခုနှစ်၊

ဇန်နဝါရီလအတွင်းလည်း ဖမ်းဆီးရမိအမှုတွဲ (၂၉၈) မှု၊ ခန့်မှန်းတန်ဖိုးကျပ် (၆၃၂၃ ဒသမ ၅၀၃)သန်းကို ဥပဒေနှင့်အညီ အရေးယူဆောင်ရွက်နိုင်ခဲ့ကြောင်း။

- ဖမ်းဆီးရမိသော တရားမဝင်ကုန်သွယ်သည့် ကုန်စည်များကိုကြည့်လျှင် သွင်းကုန်ပစ္စည်းများအနေဖြင့် လူသုံးကုန်နှင့်စားသောက်ကုန်များဖြစ်ပြီး မိမိတို့၏ပို့ကုန်ပစ္စည်းများသည် နိုင်ငံ၏အဖိုးတန်သယံဇာတ တစ်မျိုးတည်းဖြစ်နေသည်ကို တွေ့ရသောကြောင့် တရားမဝင်ကုန်သွယ်မှုများကို အမျိုးသားရေးအသိအမြင်ဖြင့် ဝိုင်းဝန်းတားဆီးကြရမည်ဖြစ်ကြောင်း။
- တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရာတွင် မှန်ကန်သည့်သတင်းရရှိမှုနှင့် သတင်းလုံခြုံမှုသည် အရေးကြီးသောကြောင့် သတင်းအချက်အလက်များ ကျယ်ကျယ်ပြန့်ပြန့်ရရှိစေရန် သတင်းပေးတိုင်ကြားနိုင်သည့် တယ်လီဖုန်းနံပါတ်၊ ဖက်စ်ဖုန်းနံပါတ်နှင့် အီးမေးလ်လိပ်စာများကို မြန်မာ့ရုပ်မြင်သံကြားနှင့် နိုင်ငံပိုင်သတင်းစာများတွင် ထုတ်ပြန်ကြေငြာ၍ သတင်းရယူဆောင်ရွက်ခဲ့ရာ တိုင်ကြားမှုသတင်း (၁၆)ကြိမ် လက်ခံရရှိခဲ့ကြောင်း။
- သွင်းကုန်လိုင်စင်ကန့်သတ်မှုအပေါ် အခွင့်ကောင်းယူ၍ တရားမဝင်ကုန်သွယ်မှုများပြုလုပ်လာနိုင်သည့်အတွက် ထိရောက်စွာတားဆီးစစ်ဆေးဖမ်းဆီးရေးနှင့် တရားမဝင်ကုန်သွယ်မှုကွင်းဆက်တစ်လျှောက်လုံးရှိ ဝန်ထမ်းများပါဝင်ပတ်သက်မှုမရှိရေးကို အထူးအလေးထားကြီးကြပ်ရမည်ဖြစ်ကြောင်း။
- တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအတွက် အမျိုးသားအဆင့် မဟာဗျူဟာများ၊ နည်းဗျူဟာများနှင့် မြေပြင်လုပ်ငန်းစီမံချက်များ ချမှတ်အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိရာ ဝန်ကြီးဌာနများ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေး အထူးအဖွဲ့များအနေဖြင့် တရားမဝင်ကုန်သွယ်မှုများကို ထိထိရောက်ရောက်တိုက်ဖျက်တားဆီးသွားကြရမည်ဖြစ်ကြောင်း ပြောကြားခဲ့ပါသည်။

အစည်းအဝေးသို့ ပြည်ထောင်စုဝန်ကြီးများဖြစ်ကြသည့် ဦးဝင်းရှိန်နှင့် ဒေါက်တာပွင့်ဆန်း၊ ဒုတိယဝန်ကြီးများ၊ နေပြည်တော်ကောင်စီဝင်၊ အမြဲတမ်းအတွင်းဝန်များ၊ ညွှန်ကြားရေးမှူးချုပ်များ၊ ဦးဆောင်ညွှန်ကြားရေးမှူးနှင့် တာဝန်ရှိသူများ တက်ရောက်ကြပြီး နေပြည်တော်ကောင်စီ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့ဥက္ကဋ္ဌ တိုင်းဒေသကြီးနှင့်ပြည်နယ် ဝန်ကြီးများနှင့် တာဝန်ရှိသူများက ဗီဒီယိုကွန်ဖရင့်စနစ်ဖြင့် တက်ရောက်ခဲ့ကြပါသည်။

**(မြဝတီသတင်းစာ ၁၉-၂-၂၀၂၂)**

- **ဦးဆောင်ကော်မတီအနေဖြင့် တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးလုပ်ငန်းများဆောင်ရွက်ရာတွင် နိုင်ငံအတွက်ရသင့်ရထိုက်သည့် အခွန်အခများ မဆုံးရှုံးစေရေး၊ ပြည်တွင်းတိုင်းရင်းသားလုပ်ငန်းရှင်များ၏ ယှဉ်ပြိုင်နိုင်စွမ်းမြင့်တင်ပေးရေးနှင့် စားသုံးသူပြည်သူလူထုအန္တရာယ်ကင်းရှင်းစေရေးတို့အပြင် အမျိုးသားလုံခြုံရေးနှင့် ကျန်းမာရေးတို့ကို ဦးတည်၍ တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးလုပ်ငန်းစဉ်များကို ထိထိရောက်ရောက် အကောင်အထည်ဖော်ဆောင်ရွက်ကြရန်လို။**
- **တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေး အထူးအဖွဲ့များအနေဖြင့် ၂၀၂၁ ခုနှစ်၊ ဖေဖော်ဝါရီလမှ ဒီဇင်ဘာလအထိ (၁၁)လတာ ကာလအတွင်း (၁,၉၂၉) မှုနှင့် တန်ဖိုးကျပ် (၇,၄၁၂ ဒသမ ၃၇၀) သန်း ဖမ်းဆီးနိုင်ခဲ့ပြီး ၂၀၂၂ ခုနှစ်၊ ဇန်နဝါရီလအတွင်းလည်း ဖမ်းဆီးရမိအမှုတွဲ (၂၉၈) မှု၊ ခန့်မှန်းတန်ဖိုးကျပ် (၆၃၂၃ ဒသမ ၅၀၃)သန်းကို ဥပဒေနှင့်အညီ အရေးယူဆောင်ရွက်နိုင်ခဲ့ကြောင်း။**
- **ဖမ်းဆီးရမိသော တရားမဝင်ကုန်သွယ်သည့် ကုန်စည်များကိုကြည့်လျှင် သွင်းကုန်ပစ္စည်းများအနေဖြင့် လူသုံးကုန်နှင့် စားသောက်ကုန်များဖြစ်ပြီး မိမိတို့၏ပို့ကုန်ပစ္စည်းများသည် နိုင်ငံ၏အဖိုးတန်သယံဇာတ တစ်မျိုးတည်းဖြစ်နေသည်ကို တွေ့ရသောကြောင့် တရားမဝင်ကုန်သွယ်မှုများကို အမျိုးသားရေးအသိအမြင်ဖြင့် ဝိုင်းဝန်းတားဆီးကြရမည်ဖြစ်။**

- **စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနအနေဖြင့် နိုင်ငံခြားငွေသုံးစွဲမှုကို လျှော့ချနိုင်စေရေး၊ ပြည်တွင်းထုတ်ကုန်များ ဦးစားပေးထုတ်လုပ်နိုင်စေရေးနှင့် ထုတ်ကုန်များဖွံ့ဖြိုးတိုးတက်လာစေရေးနှင့် အလုပ်အကိုင်အခွင့်အလမ်းများ ပိုမိုရရှိနိုင်ရေးကိုရည်ရွယ်၍ သွင်းကုန်ကန့်သတ်မှုများကို ၂၀၂၁ ခုနှစ်၊ နိုဝင်ဘာလမှစတင်၍ ဆောင်ရွက်လျက်ရှိ။**

---

## အာဆီယံနိုင်ငံခြားရေးဝန်ကြီးများ၏ သီးသန့်အစည်းအဝေးကျင်းပခြင်းအပေါ် နိုင်ငံခြားရေးဝန်ကြီးဌာန၏ သတင်းထုတ်ပြန်ချက်

၂၀၂၂ ခုနှစ်၊ ဖေဖော်ဝါရီလ ၁၇ ရက်နေ့တွင် အာဆီယံနိုင်ငံခြားရေးဝန်ကြီးများ၏ သီးသန့်အစည်းအဝေးကျင်းပခဲ့သည့်ကိစ္စနှင့်ပတ်သက်၍ နိုင်ငံခြားရေးဝန်ကြီးဌာနက သတင်းထုတ်ပြန်ခဲ့ပါသည်။

### သတင်းထုတ်ပြန်ချက်

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံ၊ နိုင်ငံခြားရေးဝန်ကြီးဌာနသည် ၂၀၂၂ ခုနှစ်၊ ဖေဖော်ဝါရီလ ၁၇ ရက်နေ့တွင် အာဆီယံနိုင်ငံခြားရေးဝန်ကြီးများ၏ သီးသန့်အစည်းအဝေးကျင်းပခဲ့သည့် ကိစ္စနှင့်ပတ်သက်၍ အစည်းအဝေးဥက္ကဋ္ဌ၏ သတင်းထုတ်ပြန်ချက်ကို မှတ်သားထားပါသည်။

အာဆီယံအသိုက်အဝန်းထူထောင်ရေးနှင့်ပတ်သက်၍ ကမ္ဘောဒီးယားနိုင်ငံမှ ချမှတ်ထားသည့် ဦးစားပေးလုပ်ငန်းအစီအစဉ်များနှင့် အကောင်အထည်ဖော်ဆောင်ရွက်မည့်အစီအစဉ်များအပေါ် နိုင်ငံခြားရေးဝန်ကြီးဌာနမှ ကြိုဆိုပါသည်။ နိုင်ငံခြားရေးဝန်ကြီးဌာနအနေဖြင့် ဒေသတွင်းပေါင်းစည်းရေးကြိုးပမ်းဆောင်ရွက်မှုကို အာဆီယံပေါင်းစည်းဆက်သွယ်မှုမဟာစီမံကိန်း ၂၀၂၅ နှင့် အာဆီယံကနဦးပေါင်းစည်းရေး ဦးဆောင်ဦးရွက်ပြုမှုလုပ်ငန်းအစီအစဉ်-၄ (၂၀၂၁-၂၀၂၅)တို့မှတစ်ဆင့် အကောင်အထည်ဖော်ဆောင်ရွက်ခြင်း၊ အရှေ့တောင်အာရှချစ်ကြည်ရေးနှင့် ပူးပေါင်းဆောင်ရွက်ရေးစာချုပ်သည် နိုင်ငံများအကြား ဆက်ဆံရေးအပြင် ဒေသတွင်းတည်ငြိမ်အေးချမ်းမှုကို ထိန်းသိမ်းရေး၌ အဓိကကျင့်ဝတ်တစ်ရပ်ဖြစ်ကြောင်း ထပ်လောင်းအတည်ပြုဖော်ပြခြင်း၊ အရှေ့တောင်အာရှဒေသကို နျူကလီးယားလက်နက်ကင်းမဲ့ဇုံနှင့် အစုလိုက်အပြုံလိုက် သေကြေပျက်စီးစေသော လက်နက်များကင်းမဲ့ဇုံအဖြစ် ထိန်းသိမ်းနိုင်ရေးအတွက် ကတိကဝတ်ပြုခြင်း၊ အာဆီယံ၏ ဗဟိုအချက်အချာကျမှုနှင့် စည်းလုံးညီညွတ်မှုကို အလေးအနက်ဖော်ပြခြင်း၊ အာဆီယံအသိုက်အဝန်းမျှော်မှန်းချက် ၂၀၂၅ ခုနှစ်အလွန် အကောင်အထည်ဖော်ခြင်းနှင့် အာဆီယံဘက်စုံပြန်လည်ထူထောင်ရေးမူဘောင်အပါအဝင် အာဆီယံ၏ ကိုဗစ်-၁၉ တုံ့ပြန်ရေးအစီအမံများကို အပြည့်အဝအကောင်အထည်ဖော်ဆောင်ရွက်ခြင်းတို့ကိုလည်း ကြိုဆိုပါသည်။

၂၀၂၂ ခုနှစ်၊ ဇန်နဝါရီလ ၁ ရက်နေ့က အသက်ဝင်ခဲ့သည့် ဒေသတွင်းဘက်စုံ စီးပွားရေးပူးပေါင်းဆောင်ရွက်မှုသဘောတူစာချုပ် (RCEP)ကို မှတ်သားမိသကဲ့သို့ မြန်မာနိုင်ငံအနေဖြင့် ယင်းသဘောတူစာချုပ်အသက်ဝင်ရေးအတွက် စာချုပ်ပါ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောလျင်စွာဆောင်ရွက်ခဲ့သည့် နိုင်ငံတစ်နိုင်ငံဖြစ်သည်ကို နိုင်ငံခြားရေးဝန်ကြီးဌာနအနေဖြင့် အသိပေးလိုပါသည်။ သို့ရာတွင် မြန်မာနိုင်ငံက RCEP သဘောတူစာချုပ်အပေါ် ပေးပို့ခဲ့သည့် အတည်ပြုပြဋ္ဌာန်းချက်နှင့်ပတ်သက်၍ အဖွဲ့ဝင်နိုင်ငံအချို့က မြန်မာနိုင်ငံ၏ နိုင်ငံရေးအခြေအနေကို အကြောင်းပြုအဟန့်အတားပြုခဲ့မှုကြောင့် စာချုပ်စာတမ်းများထိန်းသိမ်းသူအနေဖြင့် စာချုပ်ပါပြဋ္ဌာန်းချက်များနှင့်အညီ မဆောင်ရွက်နိုင်ခဲ့သည့်အတွက် မြန်မာနိုင်ငံအတွက် သဘောတူစာချုပ်အသက်ဝင်မှုတွင် နှောင့်နှေးမှုများ ဖြစ်ပေါ်ခဲ့ရသည်ကို စိတ်မကောင်းဖြစ်ရပါသည်။ ယင်းသို့ ဆောင်ရွက်ခြင်းသည် အာဆီယံအဖွဲ့အပေါ် ယုံကြည်ကိုးစားမှုကို ထိခိုက်ရုံသာမက အာဆီယံအတွင်းရေးမှူးချုပ်ရုံးအပေါ်ကိုလည်း ယုံကြည်ကိုးစားမှုကို ထိခိုက်လာစေပါသည်။ ဥပဒေကိုအခြေပြုသော အစိုးရအချင်းချင်းဆိုင်ရာအဖွဲ့အစည်းတစ်ခုဖြစ်သည့် အာဆီယံ၌ ယင်းသို့အဖြစ်မျိုး ထပ်မံမဖြစ်ပေါ်စေရေး မြန်မာနိုင်ငံအနေဖြင့် မျှော်လင့်ပါသည်။

အာဆီယံပဋိညာဉ်စာတမ်း၊ အရှေ့တောင်အာရှချစ်ကြည်ရေးနှင့် ပူးပေါင်းဆောင်ရွက်ရေးစာချုပ်တွင်ပါရှိသည့် အာဆီယံ စံနှုန်းနှင့် "မူ" များမှတစ်ဆင့် အာဆီယံပြင်ပဆက်ဆံရေးတွင် ဗဟိုအချက်အချာကျမှုနှင့် စုစည်းညီညွတ်မှုအားကောင်းလာစေရန် အာဆီယံဥက္ကဋ္ဌက အလေးထားဆောင်ရွက်မည့်အစီအစဉ်ကို မြန်မာနိုင်ငံက ကြိုဆိုပါသည်။ သို့ဖြစ်ပါ၍ အရှေ့တောင်အာရှချစ်ကြည်ရေးနှင့် ပူးပေါင်းဆောင်ရွက်ရေးစာချုပ်သို့ ပြင်ပနိုင်ငံများကပါဝင်ရန် စိတ်ပါဝင်စားမှုမြင့်မားလာခြင်းကို ကျေနပ်အားရမိပါကြောင်းနှင့် အဆိုပါနိုင်ငံများကို ဆောလျင်စွာ လက်ခံနိုင်ရေးကို မျှော်မှန်းပါသည်။ အရှေ့တောင်အာရှချစ်ကြည်ရေးနှင့် ပူးပေါင်းဆောင်ရွက်ရေးစာချုပ်ကို လက်မှတ်ရေးထိုးရာ၌ လွန်ခဲ့သည့် နှစ် (၅၀)ကျော်တွင် အာဆီယံ၌ကျင့်သုံးခဲ့သည့် ထုံးတမ်းစဉ်လာများကို ထိန်းသိမ်းရန် မြန်မာနိုင်ငံအနေဖြင့် အာဆီယံကို တိုက်တွန်းပါသည်။

ရခိုင်ပြည်နယ်မှ နေရပ်စွန့်ခွာသူများ မိမိဆန္ဒအလျောက် ဘေးကင်းလုံခြုံစွာ ပြန်လည်ဝင်ရောက်ရေးကို ပံ့ပိုးသည့် ကနဦးလိုအပ်ချက် ဆန်းစစ်လေ့လာခြင်း အစီရင်ခံစာပါ အကြံပြုချက်များကို ဆက်လက်အကောင်အထည်ဖော်နိုင်ရေး မြန်မာနိုင်ငံ၏ ပြန်လည်လက်ခံရေးလုပ်ငန်းများအတွက် ကြိုးပမ်းမှုများအပေါ် အာဆီယံက ဆက်လက်ထောက်ခံခြင်းအပေါ် နိုင်ငံခြားရေးဝန်ကြီးဌာနက မှတ်သားထားပါသည်။ ယင်းနှင့်ပတ်သက်၍ အာဆီယံအတွင်းရေးမှူးချုပ်၏ ဘက်စုံလိုအပ်ချက် ဆန်းစစ်လေ့လာမှုတစ်ရပ်(CNA) အခွင့်အခါသင့်ချိန်၌ ပြုလုပ်နိုင်ရေးကို အာဆီယံအနေဖြင့် မျှော်လင့်သကဲ့သို့ ကနဦးလိုအပ်ချက် ဆန်းစစ်လေ့လာခြင်းအစီရင်ခံစာပါ အကြံပြုချက်များကို အကောင်အထည်ဖော်ရန် ကျန်ရှိနေသည့်စီမံကိန်းများ အတည်ပြုနိုင်ရန်အတွက်လည်းကောင်း၊ ပြန်လည်လက်ခံရေးလုပ်ငန်းစဉ်၌ အာဆီယံမှ ထိထိရောက်ရောက်ပံ့ပိုးနိုင်မည့်ကဏ္ဍများကို ဆက်လက်၍ ရှာဖွေသတ်မှတ်ပေးရန်အတွက်လည်းကောင်း အဆင့်မြင့်ညှိနှိုင်းအစည်းအဝေး ပြန်လည်ကျင်းပပြုလုပ်သွားရန် အာဆီယံအတွင်းရေးမှူးချုပ်ကို မြန်မာနိုင်ငံက ထပ်မံတိုက်တွန်းပါသည်။

တူညီဆန္ဒ(၅)ရပ် အကောင်အထည်ဖော်ခြင်းနှင့်ပတ်သက်၍ သိသာထင်ရှားသည့် ဖြစ်ပေါ်တိုးတက်မှုများနှင့် စိန်ခေါ်မှုများကို နိုင်ငံခြားရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီးက ၂၀၂၂ ခုနှစ်၊ ဖေဖော်ဝါရီလ ၈ ရက်နေ့တွင် ရန်ကုန်မြို့၌ သံတမန်များကို ရှင်းလင်းပြောကြားခဲ့ပြီးဖြစ်ပါသည်။ အာဆီယံဥက္ကဋ္ဌ၏ မြန်မာနိုင်ငံဆိုင်ရာအထူးကိုယ်စားလှယ်အဖြစ် ကမ္ဘောဒီးယားနိုင်ငံမှ ဒုတိယဝန်ကြီးချုပ်နှင့် နိုင်ငံခြားရေးနှင့် အပြည်ပြည်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေးဝန်ကြီး ပရတ်ဆုတ်ခွန်းက တာဝန်ယူသွားမှုအပေါ် နိုင်ငံခြားရေးဝန်ကြီးဌာနက ကြိုဆိုပါသည်။ အာဆီယံနိုင်ငံခြားရေးဝန်ကြီးများ၏ သီးသန့်အစည်းအဝေးအပြီး ဥက္ကဋ္ဌ၏ သတင်းထုတ်ပြန်ချက်၌ ဖော်ပြပါရှိသည့် မြန်မာ့ကိုယ်ပိုင်နည်းလမ်း၊ မြန်မာ့ဦးဆောင်မှုတို့နှင့်အညီ အထူးကိုယ်စားလှယ်အပါအဝင် အာဆီယံနှင့်လည်း အပြုသဘောဆက်လက်ပူးပေါင်းဆောင်ရွက်သွားမည်ဖြစ်ပါသည်။

အစည်းအဝေး၌ တူညီဆန္ဒ(၅)ချက် အကောင်အထည်ဖော်ခြင်းနှင့်ပတ်သက်၍ အပြုသဘောပြောဆိုဆွေးနွေးမှုများရှိသော်လည်း အထူးကိုယ်စားလှယ်အား မြန်မာနိုင်ငံမှ အကြမ်းဖက်အဖွဲ့များအဖြစ်နှင့် တရားမဝင်အသင်းအဖွဲ့များအဖြစ် ကြေညာထားသည့် သူများနှင့် တွေ့ဆုံဆွေးနွေးရန် အဖွဲ့ဝင်နှစ်နိုင်ငံက အကြံပြုခဲ့သည်ကို သတိပြုမိပါသည်။ မြန်မာနိုင်ငံ အကြမ်းဖက်မှုတိုက်ဖျက်ရေးဗဟိုကော်မတီက ၂၀၂၁ ခုနှစ်၊ မေလ ၈ ရက် နေ့တွင် CRPH နှင့် NUG နှင့် ယင်းတို့၏ လက်အောက်ခံအဖွဲ့အစည်းများအားလုံးကို အကြမ်းဖက်အုပ်စုများအဖြစ် ကြေညာခဲ့ကြောင်းကို နိုင်ငံခြားရေးဝန်ကြီးဌာနအနေဖြင့် ထပ်မံအသိပေးလိုပါသည်။ အထူးကိုယ်စားလှယ်အား ယင်းသို့ အဖွဲ့အစည်းမျိုးဖြင့် ထိတွေ့ရန် အကြံပြုခြင်းသည် အာဆီယံပဋိညာဉ်စာတမ်းပါမူများကို ဆန့်ကျင်ရုံသာမက အာဆီယံ၏အကြမ်းဖက်တိုက်ဖျက်ရေး ကြိုးပမ်းဆောင်ရွက်မှုကိုလည်း ထိပါးစေပါသည်။ ယင်းအဖွဲ့ဝင်နှစ်နိုင်ငံက အာဆီယံအစည်းအဝေးများကို အသုံးချ၍ ထိုသို့ပြောဆိုခြင်းမျိုးမပြုလုပ်ရန်နှင့် အကြမ်းဖက်လုပ်ရပ်များကို ဆန့်ကျင်ရှုတ်ချရန် ထပ်မံတိုက်တွန်းပါသည်။

**နိုင်ငံခြားရေးဝန်ကြီးဌာန**

**၂၀၂၂ ခုနှစ်၊ ဖေဖော်ဝါရီလ ၂၀ ရက်**

**(မြဝတီသတင်းစာ ၂၁-၂-၂၀၂၂)**

- အရှေ့တောင်အာရှချစ်ကြည်ရေးနှင့် ပူးပေါင်းဆောင်ရွက်ရေးစာချုပ်ကို လက်မှတ်ရေးထိုးရာ၌ လွန်ခဲ့သည့် နှစ်(၅၀)ကျော်တွင် အာဆီယံ၌ ကျင့်သုံးခဲ့သည့် ထုံးတမ်းစဉ်လာများကို ထိန်းသိမ်းရန် မြန်မာနိုင်ငံအနေဖြင့် အာဆီယံကို တိုက်တွန်းအပ်။
- အာဆီယံအဖွဲ့ဝင်နိုင်ငံအချို့က မြန်မာနိုင်ငံ၏ နိုင်ငံရေးအခြေအနေကို အကြောင်းပြု အဟန့်အတားပြုခဲ့မှုကြောင့် စာချုပ်စာတမ်းများထိမ်းသိမ်းသူအနေဖြင့် စာချုပ်ပါပြဋ္ဌာန်းချက်များနှင့်အညီ မဆောင်ရွက်နိုင်ခဲ့သည့်အတွက် မြန်မာနိုင်ငံအတွက် RCEP သဘောတူစာချုပ် အသက်ဝင်မှုတွင် နှောင့်နှေးမှုများဖြစ်ပေါ်ခဲ့ရပြီး ဥပဒေကိုအခြေပြုသော အစိုးရအချင်းချင်းဆိုင်ရာအဖွဲ့အစည်းတစ်ခုဖြစ်သည့် အာဆီယံ၌ ယင်းသို့အဖြစ်မျိုး ထပ်မံမဖြစ်ပေါ်စေရေး မြန်မာနိုင်ငံအနေဖြင့် မျှော်လင့်။
- အာဆီယံနိုင်ငံခြားရေးဝန်ကြီးများ၏ သီးသန့်အစည်းအဝေး၌ အထူးကိုယ်စားလှယ်အား မြန်မာနိုင်ငံမှ အကြမ်းဖက်အဖွဲ့များအဖြစ်နှင့် တရားမဝင်အသင်းအဖွဲ့များအဖြစ် ကြေညာထားသည့်သူများနှင့် တွေ့ဆုံဆွေးနွေးရန် အဖွဲ့ဝင်နှစ်နိုင်ငံက အကြံပြုခဲ့သည်ကို သတိပြုမိ။
- မြန်မာနိုင်ငံအကြမ်းဖက်မှုတိုက်ဖျက်ရေးဗဟိုကော်မတီက ၂၀၂၁ ခုနှစ်၊ မေလ ၈ ရက်နေ့တွင် CRPH နှင့် NUG နှင့် ယင်းတို့၏ လက်အောက်ခံအဖွဲ့အစည်းအားလုံး ကို အကြမ်းဖက်အုပ်စုများအဖြစ် ကြေညာခဲ့ကြောင်းကို ထပ်မံအသိပေးလို။
- CRPH နှင့် NUG အဖွဲ့အစည်းတို့ဖြင့် ထိတွေ့ရန် အကြံပြုခဲ့ခြင်းသည် အာဆီယံ ပဋိညာဉ်စာတမ်းပါမူများကို ဆန့်ကျင်ရုံသာမက အာဆီယံ၏အကြမ်းဖက်တိုက်ဖျက်ရေး ကြိုးပမ်းဆောင်ရွက်မှုကိုလည်း ထိပါးစေပြီး ယင်းအဖွဲ့ဝင်နှစ်နိုင်ငံက အာဆီယံအစည်းအဝေးများကိုအသုံးချ၍ ထိုသို့ပြောဆိုခြင်းမျိုး မပြုလုပ်ရန်နှင့် အကြမ်းဖက်လုပ်ရပ်များကို ဆန့်ကျင်ရှုတ်ချရန် ထပ်မံတိုက်တွန်း။
- မြန်မာ့ကိုယ်ပိုင်နည်းလမ်း၊ မြန်မာ့ဦးဆောင်မှုတို့နှင့်အညီ အထူးကိုယ်စားလှယ်အပါအဝင် အာဆီယံနှင့်လည်း အပြုသဘော ဆက်လက်ပူးပေါင်းဆောင်ရွက်သွားမည်ဖြစ်။

## ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်က နိုင်ငံရေးပါတီများအား ရွေးကောက်ပွဲကော်မရှင်ဥပဒေနှင့်အညီ စစ်ဆေး

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်သည် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင် ဥပဒေပုဒ်မ ၁၀ (ဌ)နှင့်အညီ နိုင်ငံရေးပါတီများ၏ ပါတီဝင်အင်အား၊ ပါတီပိုင်ရန်ပုံငွေနှင့် ပစ္စည်းများစုဆောင်းခြင်း၊ ထိန်းသိမ်းခြင်း၊ သုံးစွဲခြင်း၊ စစ်ဆေးခြင်းနှင့် စာရင်းရှင်းလင်းဖျက်သိမ်းခြင်း၊ ပါတီဆိုင်ရာလုပ်ငန်းများကို စနစ်တကျဆောင်ရွက်ထားခြင်းရှိ/မရှိတို့ကို စစ်ဆေးလျက်ရှိပါသည်။

ထိုသို့ဆောင်ရွက်ရာတွင် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်အဖွဲ့ဝင်များ ဦးဆောင်ပြီး စာရင်းစစ်ချုပ်ရုံး၊ ပြည်တွင်းအခွန်များဦးစီးဌာနနှင့် အထူးစစ်ဆေးရေးဦးစီးဌာနမှ ဌာနဆိုင်ရာကိုယ်စားလှယ်များပါဝင်သည့် စစ်ဆေးရေးအဖွဲ့သည် ရန်ကုန်မြို့ အခြေစိုက်ဖြစ်သော ကရင်ပြည်သူ့ပါတီ၊ အမျိုးသားဒီမိုကရေစီအင်အားစုပါတီ၊ အမျိုးသားဒီမိုကရေစီပါတီသစ်နှင့် ပြည်သူ့ပါတီတို့ကို ၂၀၂၂ ခုနှစ် ဖေဖော်ဝါရီ ၇ ရက်မှ ၁၁ ရက်အထိ စစ်ဆေးခြင်းများဆောင်ရွက်ခဲ့ပါသည်။

ဆက်လက်၍ ၂၀၂၂ ခုနှစ် ဖေဖော်ဝါရီလ နောက်ဆုံးအပတ်တွင် ရှမ်းပြည်နယ် အခြေစိုက်ပါတီဖြစ်သော လားဟူအမျိုးသားဖွံ့ဖြိုးတိုးတက်ရေးပါတီကို စစ်ဆေးခံနိုင်ရန် အကြောင်းကြားထားကြောင်း သိရှိရပါသည်။

**(မြဝတီသတင်းစာ ၁၈-၂-၂၀၂၂)**



ကရင်ပြည်သူ့ပါတီအား စစ်ဆေးနေမှု



အမျိုးသားဒီမိုကရေစီအင်အားစုပါတီအား စစ်ဆေးနေမှု



အမျိုးသားဒီမိုကရေစီပါတီသစ်အား စစ်ဆေးနေမှု



ပြည်သူ့ပါတီသစ်အား စစ်ဆေးနေမှု

- ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်အဖွဲ့ဝင်များ ဦးဆောင်သည့်အဖွဲ့သည် ရန်ကုန်မြို့အခြေစိုက်ဖြစ်သော ကရင်ပြည်သူ့ပါတီ၊ အမျိုးသားဒီမိုကရေစီအင်အားစုပါတီ၊ အမျိုးသားဒီမိုကရေစီပါတီသစ်နှင့် ပြည်သူ့ပါတီတို့ကို ၂၀၂၂ ခုနှစ် ဖေဖော်ဝါရီ ၇ ရက်မှ ၁၁ ရက်အထိ စစ်ဆေးခြင်းများ ဆောင်ရွက်ခဲ့။
- ၂၀၂၂ ခုနှစ် ဖေဖော်ဝါရီလ နောက်ဆုံးအပတ်တွင် ရှမ်းပြည်နယ်အခြေစိုက်ပါတီဖြစ်သော လားဟူအမျိုးသားဖွံ့ဖြိုးတိုးတက်ရေးပါတီကို စစ်ဆေးခံနိုင်ရန် အကြောင်းကြားထား။

---

## ပြည်ထောင်စုဝန်ကြီး ဦးအောင်နိုင်ဦး South Asia Future Investment Group Pte.Ltd မှ ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များကို တွေ့ဆုံ

ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီး ဦးအောင်နိုင်ဦးနှင့် တာဝန်ရှိသူများသည် ဖေဖော်ဝါရီလ ၁၆ ရက်တွင် တရုတ်နိုင်ငံ၊ ချုံချင့်မြို့ အခြေစိုက် South Asia Future Investment Group Pte. Ltd မှ ဥက္ကဋ္ဌဖြစ်သူ Mr. Zhang Jun နှင့်အဖွဲ့အား နေပြည်တော်၌ တွေ့ဆုံခဲ့ကြပါသည်။

ထိုသို့တွေ့ဆုံရာတွင် South Asia Future Investment Group Pte. Ltd မှ မြန်မာနိုင်ငံ၌ ရေထွက်ပစ္စည်းမွေးမြူထုတ်လုပ်တင်ပို့မှု၊ အိမ်ခြံမြေကဏ္ဍရင်းနှီးမြှုပ်နှံမှု၊ မြို့ပြအခြေခံအဆောက်အဦဖွံ့ဖြိုးတိုးတက်ရေး၊ ခရီးသွားကဏ္ဍဖွံ့ဖြိုးရေး၊ အပြည်ပြည်ဆိုင်ရာ ကုန်သွယ်ရေး၊ အွန်လိုင်းမှတစ်ဆင့် မြန်မာ့ထွက်ကုန်များရောင်းချရေးနှင့် ကျောက်မျက်ရတနာလုပ်ငန်း



ပြည်ထောင်စုဝန်ကြီး ဦးအောင်နိုင်ဦး South Asia Future Investment Group Pte.Ltd မှ ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များကို တွေ့ဆုံနေမှု

ကဏ္ဍများတွင် ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းများ ဆောင်ရွက်ရေးနှင့် ပတ်သက်၍ ဆွေးနွေးခဲ့ကြသည့်အပြင် နိုင်ငံတကာမှ ကုန်ပစ္စည်းများကို မြန်မာနိုင်ငံ၊ ရန်ကုန်ဆိပ်ကမ်းမှတစ်ဆင့် နယ်စပ်ကို ဖြတ်သန်းကာ တရုတ်နိုင်ငံတောင်ပိုင်းနှင့် အနောက်ပိုင်းရှိ ပြည်နယ်များသို့ ဆက်လက်ဖြန့်ဖြူးနိုင်ရေးအတွက် ကုန်သွယ်ရေးလမ်းကြောင်းသစ်ကို စတင်အကောင်အထည်ဖော်ရေးကိစ္စများကိုလည်း ဆွေးနွေးခဲ့ကြသည်။

**(မြန်မာ့အလင်းသတင်းစာ ၁၇-၂-၂၀၂၂)**

- **South Asia Future Investment Group Pte. Ltd မှ မြန်မာနိုင်ငံ၌ ရေထွက်ပစ္စည်းမွေးမြူထုတ်လုပ်တင်ပို့မှု၊ အိမ်ခြံမြေကဏ္ဍရင်းနှီးမြှုပ်နှံမှု၊ မြို့ပြအခြေခံအဆောက်အဦဖွံ့ဖြိုးတိုးတက်ရေး၊ ခရီးသွားကဏ္ဍဖွံ့ဖြိုးရေး၊ အပြည်ပြည်ဆိုင်ရာကုန်သွယ်ရေး၊ အွန်လိုင်းမှတစ်ဆင့် မြန်မာ့ထွက်ကုန်များ ရောင်းချရေးနှင့် ကျောက်မျက်ရတနာလုပ်ငန်းကဏ္ဍများတွင် ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းများဆောင်ရွက်ရေးနှင့်ပတ်သက်၍ ဆွေးနွေးခဲ့။**
- **နိုင်ငံတကာမှ ကုန်ပစ္စည်းများကို မြန်မာနိုင်ငံ၊ ရန်ကုန်ဆိပ်ကမ်းမှတစ်ဆင့် နယ်စပ်ကိုဖြတ်သန်းကာ တရုတ်နိုင်ငံတောင်ပိုင်းနှင့် အနောက်ပိုင်းရှိ ပြည်နယ်များသို့ ဆက်လက်ဖြန့်ဖြူးနိုင်ရေးအတွက် ကုန်သွယ်ရေးလမ်းကြောင်းသစ်ကို စတင်အကောင်အထည်ဖော်ရေးကိစ္စများကိုလည်း ဆွေးနွေးခဲ့။**

# ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်း ဂျပန်နိုင်ငံ Mainichi သတင်းစာမှ သတင်းထောက် Ms. Kana Takagi ၏ မေးမြန်းမှုများအား ဖြေကြား



ပြန်ကြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်းသည် ဂျပန်နိုင်ငံ Mainichi သတင်းစာမှ သတင်းထောက် Ms. Kana Takagi အား ဖေဖော်ဝါရီလ ၁၇ ရက်တွင် အွန်လိုင်းမှတစ်ဆင့်တွေ့ဆုံ၍ မေးမြန်းချက်များကို ပြန်လည်ဖြေကြားပေးခဲ့ပါသည်။

မြန်မာနိုင်ငံအနေဖြင့် နိုင်ငံတကာခရီးသည်တင်လေယာဉ်များ ပြန်လည်လက်ခံမည့်အချိန်နှင့် ပြန်လည်လက်ခံရန် လိုအပ်သည့်အခြေအနေနှင့်ပတ်သက်၍ မေးမြန်းချက်မှ ဖြေကြားချက်မှာ–

- လက်ရှိအချိန်တွင် ကိုဗစ်–၁၉ အိုမီခရွန် ကူးစက်ပြန့်ပွားနေသည့်အတွက် ခေတ္တဆိုင်းငံ့ထားခြင်းဖြစ်ကာ ဖေဖော်ဝါရီလကုန်အထိ ဆိုင်းငံ့ကာလကို တိုးမြှင့်ထားပါကြောင်း၊ ခရီးသွားလာမှုသက်သက်ကိုသာ ယာယီကန့်သတ်ထားခြင်းဖြစ်ပါကြောင်း၊ ပြည်ပနိုင်ငံများနှင့် မိမိတို့နိုင်ငံတွင် ကိုဗစ်–၁၉ ရောဂါ ကာကွယ်ထိန်းချုပ်နိုင်သည့် အနေအထားများအပေါ်မူတည်ပြီး ပြန်လည်ဖွင့်လှစ်ရန် စီမံဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း။

ဆိုရှယ်မီဒီယာများပျံ့နှံ့လာမှုကို အစိုးရအနေဖြင့် ထိန်းသိမ်းရာတွင် အခက်အခဲဖြစ်ပေါ်မှု ရှိ/မရှိ၊ စာနယ်ဇင်းလွတ်လပ်ခွင့်အပေါ် ရှုမြင်သုံးသပ်ချက်၊ ပိတ်ပင်ထားသည့် ပြည်တွင်းမီဒီယာများကို လိုင်စင်ပြန်လည်ပေးအပ်နိုင်မည့်အခြေအနေနှင့် ပြန်ကြားရေးဝန်ကြီးဌာနအနေဖြင့် ပြည်ပသတင်းမီဒီယာများတွင် ဘယ်လိုသတင်းဖော်ပြချက်များပါရှိရန် မျှော်လင့်ထားပါသလဲ မေးမြန်းချက်မှ ဖြေကြားချက်မှာ–

- ဆိုရှယ်မီဒီယာအသုံးပြုမှုကို မိမိတို့အစိုးရအနေဖြင့် ထိန်းချုပ်ထားခြင်းမရှိပါကြောင်း၊ ဝက်ဘ်ဆိုက်များကို ဖွင့်လှစ်ပေးထားပါကြောင်း၊ ပြည်သူများက ဆိုရှယ်မီဒီယာကို အကျိုးရှိရှိမှန်မှန်ကန်ကန်သုံးစွဲနိုင်ရန်လိုအပ်ပြီး ထိုအတွက်လည်း အသိပညာပေးလုပ်ငန်းများဆောင်ရွက်ရန် ပြန်ကြားရေးဝန်ကြီးဌာနအနေဖြင့် စီမံဆောင်ရွက်လျက်ရှိပါကြောင်း၊ ပြန်ကြားရေးဝန်ကြီးဌာနအနေဖြင့် သတင်းဌာနများ၊ သတင်းသမားများကို လိုက်နာကျင့်သုံးရမည့်ဥပဒေပြဋ္ဌာန်းချက်များနှင့်အညီ စာနယ်ဇင်းလွတ်လပ်ခွင့်အပြည့်အဝပေးထားပါကြောင်း၊ သတင်းမီဒီယာကဏ္ဍကို စတုတ္ထမဏ္ဍိုင်ဟုသတ်မှတ်ပြီး နိုင်ငံတော်ဝန်ကြီးချုပ်ကလည်း အလေးထားပါကြောင်း၊ စာနယ်ဇင်းကျင့်ဝတ်နှင့် ဥပဒေကို လေးစားလိုက်နာကြပါက မိမိတို့အနေဖြင့် ပိတ်သိမ်းစရာအကြောင်းမရှိပါကြောင်း၊ တိုင်းပြည်၏ အချုပ်အခြာအာဏာနှင့် တိုင်းရင်းသားစည်းလုံးညီညွတ်ရေးကို ပြိုကွဲစေမည့်သတင်းများ၊ Hate Speech များမပါဝင်ရန် မျှော်လင့်ပါကြောင်း၊ နိုင်ငံ့အရေး၊ ပြည်သူ့အရေးကို ရှေးရှုလုပ်ဆောင်ပါက လိုင်စင်များကို ပြန်လည်ပေးအပ်သွားမည်ဖြစ်ပါကြောင်း။

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ စတင်တာဝန်ယူချိန်မှ တစ်နှစ်အတွင်း ပြည်တွင်းစီးပွားရေးအခြေအနေအပေါ် သုံးသပ်ချက်၊ နိုင်ငံခြားကုမ္ပဏီများ ပြည်တွင်း၌ ပြန်လည်ရင်းနှီးမြှုပ်နှံလာစေရေး လုပ်ဆောင်လျက်ရှိသည့်အခြေအနေ၊ မေးမြန်းချက်မှ ဖြေကြားချက်မှာ–

- နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအစိုးရ စတင်တာဝန်ယူချိန်တွင် ကမ္ဘာ့နိုင်ငံ အသီးသီးတွင်ဖြစ်ပွားနေသည့် ကိုဗစ်–၁၉ ကပ်ရောဂါကြောင့် နိုင်ငံ၏စီးပွားရေးမှာ ကျဆင်းနေပြီးဖြစ်ပါကြောင်း၊ မိမိတို့အစိုးရလက်ထက်တွင် စက်ရုံအလုပ်ရုံများကို တော်တော်များများ ပြန်ဖွင့်နေနိုင်ပြီဟု ပြောရမည်ဖြစ်ပါကြောင်း၊ တချို့ နိုင်ငံခြားကုမ္ပဏီများ ထွက်သည်ဆိုခြင်းမှာ နိုင်ငံရေးကြောင့်ဖြစ်ပါကြောင်း၊ ၂၀၂၁ ခုနှစ်၊ ဖေဖော်ဝါရီ ၁ ရက်မှစပြီး ၂၀၂၂ ခုနှစ်၊ ဇန်နဝါရီ ၃၁ ရက်အထိ ရင်းနှီးမြှုပ်နှံကဏ္ဍ ၁၂ ခု၊ လုပ်ငန်းပေါင်း ၄၄ ခုတွင် အမေရိကန်ဒေါ်လာ ၃,၈၂၃ သန်းကျော်ကို ခွင့်ပြုပေးခဲ့ကြောင်း။
- ယခင်နှစ်နှင့် ရင်းနှီးမြှုပ်နှံမှုပမာဏအားဖြင့် အမေရိကန်ဒေါ်လာ ၅၅၈ ဒသမ ၃၃၉ သန်း တိုးမြှင့်ဝင်ရောက်ခဲ့ပါကြောင်း၊ ထိုသို့ ရင်းနှီးမြှုပ်နှံမှုလုပ်ခဲ့သည့်အတွက် နိုင်ငံသား ၃၅,၉၆၂ ဦးအတွက် အလုပ်အကိုင်အခွင့်အလမ်း ဖန်တီးပေးနိုင်ခဲ့ပါကြောင်း။
- အဓိကကုန်သွယ်ဖက်ဖြစ်သော တရုတ်နိုင်ငံနှင့် Border Trade ကို ပုံမှန်ဖြစ်စေရန် ဖော်ဆောင်နေနိုင်ပြီး ကုန်သွယ်မှုတွင် ကျပ်နှင့် ယွမ်ကိုအခြေခံသော ငွေပေးချေမှုကိုလည်း အောင်မြင်စွာဖြင့် လုပ်ဆောင်နေပြီဖြစ်ပါကြောင်း၊ မြန်မာနိုင်ငံတွင် ယခုအချိန်တွင် ဆူပူအကြမ်းဖက်မှုနည်းပါးလာပြီး ကျောင်းများပြန်ဖွင့်နေပြီဖြစ်ပါကြောင်း၊ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအနေဖြင့် လုပ်ငန်းများကို အောင်မြင်စွာထိန်းသိမ်းနိုင်ခဲ့ပြီးဖြစ်ပါကြောင်း၊ ၂၀၂၂ ခုနှစ်တွင် ယခုထက် စီးပွားရေးတိုးတက်အောင် ပိုမိုလုပ်ဆောင်နိုင်မည်ဖြစ်ပါကြောင်း။
- နိုင်ငံခြားကုမ္ပဏီများ ပြန်လည်ထွက်ခွာသွားခြင်းမှာ အချို့က ၎င်းတို့ မိခင်နိုင်ငံမှ ပြန်လည်ထွက်ခွာရန် တွန်းအားပေးမှု၊ ပြည်တွင်းတွင် အကြမ်းဖက်နေသည့် NUG နှင့် PDF များ၏ ဆောင်ရွက်မှုများကြောင့်ဖြစ်ပါကြောင်း၊ အသစ်ဝင်ရောက်လာသည်များလည်းရှိပါကြောင်း၊ ရင်းနှီးမြှုပ်နှံသူများအတွက် ခိုင်မာသည့်အာမခံချက်နှင့် စီးပွားရေးအကျိုးရလဒ်များအတွက် နိုင်ငံတကာစံချိန်စံညွှန်းများနှင့်အညီ အကာအကွယ်ပေးထားပါကြောင်း။
- မြန်မာ့စီးပွားရေးပြန်လည်ဦးမော့စေရေးစီမံချက် (Myanmar Economic Recovery Plan–MERP)မှာ နိုင်ငံတကာမှ ရင်းနှီးမြှုပ်နှံလိုသူများအတွက် အာမခံချက်၊ နိုင်ငံတကာက စီးပွားရေးစံသတ်မှတ်ချက်၊ လုံခြုံရေးနှင့် လိုအပ်လာပါက အခြားသောဖြေလျှော့မှုများကို အဓိကထားဆောင်ရွက်သွားမည်ဖြစ်သည့်အတွက် နိုင်ငံတကာက ရင်းနှီးမြှုပ်နှံလိုသူများအနေဖြင့် ပြင်ပကမ္ဘာမှ မဟုတ်မမှန်လုပ်ကြံချဲ့ကားသတင်းများကို မယုံကြည်ကြဘဲ စိတ်ချလက်ချ ရဲရဲတင်းတင်း မြန်မာနိုင်ငံတွင် လာရောက်ရင်းနှီးမြှုပ်နှံကြရန် အလေးအနက်ဖိတ်ခေါ်လိုပါကြောင်း။

လာမည့်ရွေးကောက်ပွဲမှ တက်လာမည့်အစိုးရသစ်အား စီးပွားရေးစီမံခန့်ခွဲမှုများ လွှဲပြောင်းပေးအပ်နိုင်မည့် အခြေအနေ မေးမြန်းချက်မှ ဖြေကြားချက်မှာ–

- အရေးပေါ်ကာလပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ပြီးစီးသွားသည့်အချိန်တွင် ဖွဲ့စည်းပုံအခြေခံဥပဒေ(၂၀၀၈ ခုနှစ်)နှင့်အညီ လွတ်လပ်ပြီး တရားမျှတသောပါတီစုံဒီမိုကရေစီရွေးကောက်ပွဲကို ပြန်လည်ကျင်းပပြီး အနိုင်ရသည့်ပါတီကို ဒီမိုကရေစီစံနှုန်းများနှင့်အညီ နိုင်ငံတော်တာဝန်များလွှဲအပ်ပေးနိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း။
- မည်သည့်အစိုးရတက်သည်ဖြစ်စေ MIC Law သည် ပြောင်းလဲ၍ မရပါကြောင်း၊ တည်ဆဲအစိုးရမှ MIC Law အရ ချမှတ်ထားသည့် နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုမှန်သမျှကို နောက်ထပ်တက်လာသည့်အစိုးရက ခွင့်ပြုရမည်ဖြစ်ပါကြောင်း၊ နိုင်ငံအတွင်းရှိ ပြည်သူများ အလုပ်အကိုင်ရရှိအောင်၊ စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင် နည်းပညာဖလှယ်မှုနှင့်အတူ ဆောင်ရွက်ရန်စီမံလျက်ရှိသဖြင့် မြန်မာနိုင်ငံကို ယုံယုံကြည်ကြည်ဖြင့် လာရောက်ရင်းနှီးမြှုပ်နှံရန် ဖိတ်ခေါ်လိုပါကြောင်း။

လာမည့်ရွေးကောက်ပွဲတွင် ကျင့်သုံးဖို့ပြင်ဆင်နေသည့် PR စနစ်အပေါ် ရခိုင်နိုင်ငံရေးပါတီများ၏ သဘောထားတို့နှင့် စပ်လျဉ်းသည့် မေးမြန်းချက်မှ ဖြေကြားချက်မှာ–

- ရခိုင်ပါတီများအနေဖြင့် PR စနစ်ကို စဉ်းစားနေဆဲဟု မြင်ပါကြောင်း၊ နိုင်ငံရေးပါတီ ၆၂ ပါတီမှ PR စနစ်ကို သဘောတူကြောင်း ဆွေးနွေးပွဲများ၏ အနေအထားအရ တွေ့ရပါကြောင်း၊ ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကိုသွားနေသည့်အတွက် PR စနစ်သည် အလွန်အကျိုးရှိသည့်စနစ်ဖြစ်ပါကြောင်း၊ ယခုကဲ့သို့ ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကိုသွားသည့်အခါ ၎င်းတို့ရသင့်သည့် အခွင့်အရေးများ၊ ၎င်းတို့ ပြည်နယ်ကို ၎င်းတို့စီမံခွင့်ရသည့်အနေအထားတွင် PR စနစ်ကို လက်ခံမည်ဟု ယုံကြည်ပါကြောင်း၊ တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့များနှင့် ဆွေးနွေးမှုများတွင် တိုးတက်မှုများနှင့် ဆက်စပ်နေပါကြောင်း၊ ရခိုင်ပါတီများအနေဖြင့် နိုင်ငံတော် အပေါ်ယုံကြည်မည်ဆိုလျှင် PR စနစ်ကို လက်ခံမည်ဖြစ်ပါကြောင်း ဖြေကြားခဲ့ပါသည်။

**(မြဝတီသတင်းစာ ၁၈-၂-၂၀၂၂)**

- **လက်ရှိအချိန်တွင် ကိုဗစ်-၁၉ အိုမီခရွန်ကူးစက်ပြန့်ပွားနေသည့်အတွက် ခေတ္တဆိုင်းငံ့ထားခြင်းဖြစ်ကာ ဖေဖော်ဝါရီလကုန်အထိ ဆိုင်းငံ့ကာလကို တိုးမြှင့်ထားပါကြောင်း၊ ခရီးသွားလာမှုသက်သက်ကိုသာ ယာယီကန့်သတ်ထားခြင်းဖြစ်၊ ပြည်ပနိုင်ငံများနှင့် မိမိတို့နိုင်ငံတွင် ကိုဗစ်-၁၉ ရောဂါ ကာကွယ်ထိန်းချုပ်နိုင်သည့် အနေအထားများအပေါ် မူတည်ပြီး ပြန်လည်ဖွင့်လှစ်ရန် စီမံဆောင်ရွက်သွားမည်ဖြစ်။**

- **သတင်းမီဒီယာကဏ္ဍကို စတုတ္ထမဏ္ဍိုင်ဟုသတ်မှတ်ပြီး နိုင်ငံတော်ဝန်ကြီးချုပ်ကလည်း အလေးထား၊ စာနယ်ဇင်းကျင့်ဝတ်နှင့် ဥပဒေကို လေးစားလိုက်နာကြပါက မိမိတို့အနေဖြင့် ပိတ်သိမ်းစရာအကြောင်းမရှိ၊ မိမိတို့နိုင်ငံတွင် သတင်းမီဒီယာဥပဒေကို ပြဋ္ဌာန်းထားပြီး ထိုဥပဒေ၊ ကျင့်ဝတ်အတိုင်း လေးစားလိုက်နာကြပါက ပြဿနာမရှိ။**

- **ယခင်နှစ်နှင့် ရင်းနှီးမြှုပ်နှံမှုပမာဏအားဖြင့် အမေရိကန်ဒေါ်လာ ၅၅၈ ဒသမ ၃၃၉ သန်း တိုးမြှင့်ဝင်ရောက်ခဲ့၊ ထိုသို့ ရင်းနှီးမြှုပ်နှံမှုလုပ်ခဲ့သည့်အတွက် နိုင်ငံသား ၃၅,၉၆၂ ဦးအတွက် အလုပ်အကိုင်အခွင့်အလမ်း ဖန်တီးပေးနိုင်ခဲ့။**

- **နိုင်ငံခြားကုမ္ပဏီများ ပြန်လည်ထွက်ခွာသွားခြင်းမှာ အချို့က ၎င်းတို့ မိခင်နိုင်ငံမှ ပြန်လည်ထွက်ခွာရန် တွန်းအားပေးမှု၊ ပြည်တွင်းတွင် အကြမ်းဖက်နေသည့် NUG နှင့် PDF များ၏ ဆောင်ရွက်မှုများကြောင့်ဖြစ်၊ အသစ်ဝင်ရောက်လာသည်များလည်းရှိ၊ ရင်းနှီးမြှုပ်နှံသူများအတွက် ခိုင်မာသည့်အာမခံချက်နှင့် စီးပွားရေးအကျိုးရလဒ်များအတွက် နိုင်ငံတကာစံချိန်စံညွှန်းများနှင့်အညီ အကာအကွယ်ပေးထား။**

- **အရေးပေါ်ကာလပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ပြီးစီးသွားသည့်အချိန်တွင် ဖွဲ့စည်းပုံအခြေခံဥပဒေ (၂၀၀၈ ခုနှစ်)နှင့်အညီ လွတ်လပ်ပြီးတရားမျှတသော ပါတီစုံဒီမိုကရေစီရွေးကောက်ပွဲကို ပြန်လည်ကျင်းပပြီး အနိုင်ရသည့်ပါတီကို ဒီမိုကရေစီစံနှုန်းများနှင့်အညီ နိုင်ငံတော်တာဝန်များလွှဲအပ်ပေးနိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်။**

- **ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကိုသွားနေသည့်အတွက် PR စနစ်သည် အလွန်အကျိုးရှိသည့်စနစ်ဖြစ်၊ ယခုကဲ့သို့ ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကိုသွားသည့်အခါ ၎င်းတို့ရသင့်သည့် အခွင့်အရေးများ၊ ၎င်းတို့ ပြည်နယ်ကို ၎င်းတို့စီမံခွင့်ရသည့်အနေအထားတွင် PR စနစ်ကို လက်ခံမည်ဟု ယုံကြည်။**

# အာဆီယံအားကစားဆိုင်ရာ အမျိုးသမီးများပူးပေါင်းပါဝင်မှုမြှင့်တင်ရေး ဖိုရမ်ကျင်းပ



အာဆီယံအားကစားဆိုင်ရာ အမျိုးသမီးများပူးပေါင်း ပါဝင်မှု မြှင့်တင်ရေးဖိုရမ် “ASEAN Forum for Promotion of Women Participation in Sports” ကို ဖေဖော်ဝါရီလ ၁၈ ရက်တွင် နေပြည်တော်ရှိ ဝဏ္ဏသိဒ္ဓိဘောလုံး အားကစားကွင်း၌ Virtual Online စနစ်ဖြင့်ကျင်းပခဲ့ရာ အားကစားနှင့်လူငယ်ရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး၊ ဒုတိယဝန်ကြီး၊ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ အာဆီယံအဖွဲ့ဝင်နိုင်ငံများမှ ကိုယ်စားလှယ်များ၊ ပြည်နယ်နှင့် တိုင်းဒေသကြီးများမှ ကိုယ်စားလှယ်များ၊ မြန်မာနိုင်ငံအိုလံပစ်ကော်မတီရုံးအဖွဲ့၊ SOMS ရုံးအဖွဲ့တို့မှ ဝန်ထမ်းများနှင့် ဖိတ်ကြားထားသော ဧည့်သည်တော်များ တက်ရောက်ခဲ့ပါသည်။

အခမ်းအနားတွင် အာဆီယံအတွင်းရေးမှူးချုပ်ရုံးမှ Deputy Secretary General H.E. EkkaphabPhnthavong နှင့် အားကစားနှင့်လူငယ်ရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမင်းသိန်းဇံတို့က (Video Clips)ဖြင့် နှုတ်ခွန်းဆက်အမှာစကားပြောကြားခဲ့ပြီးနောက် မြန်မာအမျိုးသမီးအားကစားအဖွဲ့ချုပ် ဒုတိယဥက္ကဋ္ဌ ဒေါ်ရီရီဝင်း၊ Thailand National Sports University (Chiang Mai Campus) မှ ကထိက Ms.Pacha-rakamon Arkornsakul နှင့် တာဝန်ရှိသူများက သက်ဆိုင်ရာခေါင်းစဉ်အသီးသီးဖြင့် ဆွေးနွေးတင်ပြကြပြီး ဖိုရမ်သို့တက်ရောက်လာသူများက ဆွေးနွေးချက်များနှင့်ပတ်သက်ပြီး သိရှိလိုသည်များကို အပြန်အလှန်မေးမြန်းဆွေးနွေးခဲ့ကြပါသည်။

အာဆီယံအားကစားဆိုင်ရာ လုပ်ငန်းစီမံချက်(၂၀၂၁-၂၀၂၅)တွင် မြန်မာနိုင်ငံမှ ဦးဆောင်နိုင်ငံအဖြစ် ထည့်သွင်းထားသည့် လုပ်ရပ်များမှ (၅)ခုအနက်မှ (၁)ခုအပါအဝင်ဖြစ်သော အာဆီယံဒေသတွင်း အားကစားကဏ္ဍ၌ အမျိုးသမီးနှင့် မိန်းကလေးငယ်များပါဝင်မှုမြှင့်တင်ရေး ဖိုရမ်/အလုပ်ရုံဆွေးနွေးပွဲများ ကျင်းပရေးအစီအစဉ်အောက်ရှိ လုပ်ရပ်များမှုအနေဖြင့် မြန်မာနိုင်ငံက ဦးဆောင်၍ အဆိုပါဖိုရမ်ကို ကျင်းပခြင်းဖြစ်ကြောင်း သိရှိရပါသည်။

**(မြဝတီသတင်းစာ ၁၉-၂-၂၀၂၂)**

- **အာဆီယံအားကစားဆိုင်ရာ လုပ်ငန်းစီမံချက် (၂၀၂၁-၂၀၂၅)တွင် မြန်မာနိုင်ငံမှ ဦးဆောင်နိုင်ငံအဖြစ် ထည့်သွင်းထားသည့် လုပ်ရပ်များမှု(၅)ခုအနက်မှ (၁)ခုအပါအဝင်ဖြစ်သော အာဆီယံဒေသတွင်း အားကစားကဏ္ဍ၌ အမျိုးသမီးနှင့် မိန်းကလေးငယ်များပါဝင်မှုမြှင့်တင်ရေးဖိုရမ်/အလုပ်ရုံဆွေးနွေးပွဲများကျင်းပရေး အစီအစဉ်အောက်ရှိ လုပ်ရပ်များမှုအနေဖြင့် မြန်မာနိုင်ငံက ဦးဆောင်၍ အာဆီယံအားကစားဆိုင်ရာ အမျိုးသမီးများပူးပေါင်းပါဝင်မှု မြှင့်တင်ရေးဖိုရမ် “ASEAN Forum for Promotion of Women Participation in Sports” ကို ကျင်းပခဲ့။**

## ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးလုပ်ငန်းများအား တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးတွင် ဆက်လက်ဆောင်ရွက်လျက်ရှိ



**အိန္ဒိယတပ်မတော်မှ မြန်မာ့တပ်မတော်သို့ လှူဒါန်းသော COVISHIELD ကိုဗစ်-၁၉ ကာကွယ်ဆေး doses ၁ သိန်းရောက်ရှိမှု**

ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးလုပ်ငန်းများဆောင်ရွက်လျက်ရှိသော Quarantine Center များအား ဆက်လက်ဖွင့်လှစ်ပေးခြင်းနှင့် ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးထိုးပေးခြင်းတို့အား တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီး၌ ဆက်လက်ဆောင်ရွက်လျက်ရှိပါသည်-

- ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးကို တစ်နိုင်ငံလုံးအတိုင်းအတာအနေဖြင့် ဖေဖော်ဝါရီလ ၂၀ ရက်အထိ လူဦးရေစုစုပေါင်း ၂၃ ဒသမ ၃၂ သန်းအား ထိုးနှံပေးပြီးဖြစ်၍ ကာကွယ်ဆေးနှစ်ကြိမ်အပြည့်ထိုးနှံပြီးစီးသူ ၂၀ ဒသမ ၆၁ သန်းနှင့် ပထမအကြိမ်ထိုးနှံပြီးစီးသူ ၂ ဒသမ ၇၁ သန်းရှိကာ မြန်မာနိုင်ငံတွင် ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးအကြိမ်ရေစုစုပေါင်း ၄၄ ဒသမ ၅၉ သန်းထိုးနှံပြီးဖြစ်။
- ၂၀၂၂ ခုနှစ်၊ ဇန်နဝါရီလ ၁ ရက်မှ ဖေဖော်ဝါရီလ ၂၀ ရက်အထိ တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးတွင် ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေး Booster စုစုပေါင်း ထိုးနှံပြီးစီးသူ ၆၄၁,၉၁၁ ဦးရှိ။
- ရှမ်းပြည်နယ်(မြောက်ပိုင်း)၊ ရန်ကုန်တိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ ရခိုင်ပြည်နယ်၊ မွန်ပြည်နယ်၊ ချင်းပြည်နယ်နှင့် ကရင်ပြည်နယ်အတွင်း ဆောင်ရွက်လျက်ရှိသည့် ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးနှင့် အရေးပေါ်တုံ့ပြန်ရေးဆိုင်ရာ လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ဖေဖော်ဝါရီလ ၁၄ ရက်မှ ၁၉ ရက်တွင် ကျင်းပခဲ့ပြီး အိုမီခရွန်ရောဂါ ကူးစက်နှုန်း ထိန်းချုပ်နိုင်ရေးအတွက် သွားအလာကန့်သတ်စောင့်ကြည့်ရေးစင်တာများနှင့် ရောဂါကုသရေးစင်တာများကို မြို့နယ်အလိုက် အရှိန်အဟုန်မြှင့်ဆောင်ရွက်လျက်ရှိ။
- အိန္ဒိယတပ်မတော်မှ မြန်မာ့တပ်မတော်သို့ လှူဒါန်းသော COVISHIELD ကိုဗစ်-၁၉ ကာကွယ်ဆေး doses ၁ သိန်းသည် ဖေဖော်ဝါရီလ ၂၀ ရက်တွင် ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်သို့ ရောက်ရှိခဲ့ရာ ကျန်းမာရေးဝန်ကြီးဌာနအနေဖြင့် ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးကို ဝယ်ယူခြင်းမှ COVISHIELD ၁၅ ဒသမ ၄ သန်း၊ Sinopharm ၂၆ ဒသမ ၇ သန်း၊ Sinovac ၃ သန်း၊ Sputnik-V ၀ ဒသမ ၆ သန်းဖြင့် စုစုပေါင်း ၄၅ ဒသမ ၇ သန်း၊ လှူဒါန်းမှုမှ COVISHIELD ၂ ဒသမ ၆ သန်း၊ Sinopharm ၃ ဒသမ ၆ သန်း၊ Sinovac ၆ ဒသမ ၄ သန်း၊ Covaxin ၃ ဒသမ ၂ သန်း၊ Sputnik-V ၀ ဒသမ ၄ သန်းဖြင့် စုစုပေါင်း ၁၆ ဒသမ ၂ သန်း ရရှိခဲ့ရာ စုစုပေါင်း ၆၁ ဒသမ ၉ သန်းခန့်ရရှိခဲ့ပြီးဖြစ်ပါသည်။

ကျန်းမာရေးဝန်ကြီးဌာနအနေဖြင့် ကိုဗစ်-၁၉ ရောဂါရှိ/မရှိ ဓာတ်ခွဲစမ်းသပ်စစ်ဆေးခြင်းအား ပုံမှန်ဆောင်ရွက်လျက်ရှိရာ ဖေဖော်ဝါရီလ ၂၀ ရက်တွင် ဓာတ်ခွဲနမူနာ စုစုပေါင်း ၃၇,၄၃၆ ခုအားစစ်ဆေးခဲ့ပြီး၊ ဓာတ်ခွဲအတည်ပြုလူနာသစ် ၃,၃၀၃ ဦးဖြင့် ရောဂါပိုးတွေ့ရှိမှု ၈.၈၂ ရာခိုင်နှုန်းရှိခဲ့ပါသည်။ ၂၀-၂-၂၀၂၂ ရက်အထိ ဓာတ်ခွဲနမူနာ စုစုပေါင်း ၆,၉၀၇,၅၀၃ ခုအား စစ်ဆေးခဲ့ရာ အတည်ပြုလူနာစုစုပေါင်း ၅၆၅,၆၆၇ ဦးနှင့် သေဆုံးသူစုစုပေါင်း ၁၉,၃၃၁ ဦးရှိကြောင်း သိရှိရပါသည်။

**(မြဝတီသတင်းစာ ၂၁-၂-၂၀၂၂)**



ကျွန်းလှမြို့နယ်၌ ဒေသခံပြည်သူများအား
ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးထိုးနှံပေးနေမှု



စလင်းမြို့နယ်၌ ဝန်ထမ်းများအား
ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေး Booster Dose ထိုးနှံပေးနေမှု



ရခိုင်ပြည်နယ်၌ ကိုဗစ်-၁၉ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေး လုပ်ငန်းညှိနှိုင်းအစည်းအဝေးကျင်းပနေမှု



ဧရာဝတီတိုင်းဒေသကြီး၌ ကိုဗစ်-၁၉ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေး လုပ်ငန်းညှိနှိုင်းအစည်းအဝေးကျင်းပနေမှု

- ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးကို တစ်နိုင်ငံလုံးအတိုင်းအတာအနေဖြင့် ဖေဖော်ဝါရီလ ၂၀ ရက်အထိ လူဦးရေစုစုပေါင်း ၂၃ ဒသမ ၃၂သန်းအား ထိုးနှံပေးပြီးဖြစ်၍ ကာကွယ်ဆေးနှစ်ကြိမ်အပြည့်ထိုးနှံပြီးစီးသူ ၂၀ ဒသမ ၆၁ သန်းနှင့် ပထမအကြိမ်ထိုးနှံပြီးစီးသူ ၂ ဒသမ ၇၁ သန်းရှိကာ မြန်မာနိုင်ငံတွင် ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးအကြိမ်ရေ စုစုပေါင်း ၄၄ ဒသမ ၅၉ သန်းထိုးနှံပြီးဖြစ်။
- ၂၀၂၂ ခုနှစ်၊ ဇန်နဝါရီလ ၁ ရက်မှ ဖေဖော်ဝါရီလ ၂၀ ရက်အထိ တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးတွင် ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေး Booster စုစုပေါင်း ထိုးနှံပြီးစီးသူ ၆၄၁,၉၁၁ ဦးရှိ။
- ၂၀-၂-၂၀၂၂ ရက်အထိ ဓာတ်ခွဲနမူနာစုစုပေါင်း ၆,၉၀၇,၅၀၃ ခုအား စစ်ဆေးခဲ့ရာ အတည်ပြုလူနာစုစုပေါင်း ၅၆၅,၆၆၇ ဦးနှင့် သေဆုံးသူစုစုပေါင်း ၁၉,၃၃၁ ဦး ဖြစ်ပြီး ၂၀-၂-၂၀၂၂ ရက်တွင် ရောဂါပိုးတွေ့ရှိမှု ၈.၈၂ ရာခိုင်နှုန်းရှိ။

# PDF အကြမ်းဖက်သမားများက ဆုတ်ခွာထွက်ပြေးစဉ် နေအိမ်များအား မီးရှို့ဖျက်ဆီးခံရသည့် ကျေးရွာများသို့ တာဝန်ရှိသူများက သွားရောက်တွေ့ဆုံအားပေး



**စစ်ကိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမြတ်ကျော်က ပုလဲမြို့နယ် ဇီးဖြူကုန်းကျေးရွာမှ ရွာသူရွာသားများအား ထောက်ပံ့ငွေနှင့် အသုံးအဆောင်ပစ္စည်းများ ထောက်ပံ့ပေးအပ်နေမှု**

ဖေဖော်ဝါရီလ ၁၄ ရက်တွင် စစ်ကိုင်းတိုင်းဒေသကြီး၊ ပုလဲမြို့နယ်အတွင်းရှိ ဇီးဖြူကုန်းကျေးရွာအား NLD ပါတီ ထောက်ခံသူ အစွန်းရောက်အကြမ်းဖက်အဖွဲ့ဖြစ်သည့် PDF အကြမ်းဖက်အဖွဲ့များက အပြစ်မဲ့ပြည်သူများ၏ နေအိမ်များအား အကြောင်းမဲ့မီးရှို့မှုများပြုလုပ်ခဲ့သဖြင့် ကျေးရွာရှိနေအိမ် ၃၁ လုံး မီးလောင်ပျက်စီးဆုံးရှုံးပြီး ဦးဖိုးညို (၄၁)နှစ်၊ ဦးလှရွှေ (၆၅) နှစ်၊ ဦးသန်းဆွေ (၆၆)နှစ်နှင့် ဒေါ်တင်စု (၅၅)နှစ် တို့လေးဦးမှာ ၎င်းတို့၏နေအိမ်များအတွင်း ပိတ်မိ၍ မီးလောင်ဒဏ်ရာများ ဖြင့် သေဆုံးခဲ့ပါသည်။

PDF အကြမ်းဖက်သမားများ၏ မီးရှို့ဖျက်ဆီးမှုခံရသော ဇီးဖြူကုန်းကျေးရွာနှင့် အင်မထီးကျေးရွာများမှ အပြစ်မဲ့ ပြည်သူများက အန္တရာယ်ပြုခံရမည်ကို ကြောက်ရွံ့၍ လုံခြုံစိတ် ချရသည့်နေရာများ၌ ခေတ္တတိမ်းရှောင်နေထိုင်လျက်ရှိရာ ဖေဖော်ဝါရီလ ၁၇ ရက်တွင် တာဝန်ရှိသူများက အဆိုပါဒေသခံပြည်သူ များအား ပြန်လည်ခေါ်ယူစုစည်းခဲ့ပါသည်။ ထို့နောက် စစ်ကိုင်း တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမြတ်ကျော်၊ အနောက်မြောက် တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်သန်းထိုက်နှင့် တာဝန်ရှိ သူများသည် မီးရှို့ဖျက်ဆီးမှုခံရသော ကျေးရွာများမှ ဒေသခံ ပြည်သူများအား တွေ့ဆုံအားပေးစကားများပြောကြား၍ နေ ထိုင်စားသောက်မှုအဆင်ပြေစေရန်အတွက် လုံခြုံရေးနှင့် နေ ထိုင်စားသောက်ရေးတို့ကိုစီစဉ်ပေးပြီး စားသောက်ဖွယ်ရာများ နှင့် အသုံးအဆောင်ပစ္စည်းများ ထောက်ပံ့ပေးအပ်ခဲ့ကြောင်း သိရှိရပါသည်။

PDF အကြမ်းဖက်သမားများသည် ကျေးရွာနေပြည်သူ များ၏ အေးချမ်းစွာနေထိုင်နိုင်ရေးအတွက် လုံခြုံရေးလုပ်ငန်းများ ဆောင်ရွက်ပေးလျက်ရှိသည့် လုံခြုံရေးတပ်ဖွဲ့ဝင်များအား ပစ် ခတ်တိုက်ခိုက်ပြီး အပြစ်မဲ့ပြည်သူများ၏ နေအိမ်များကို အကြောင်းမဲ့ မီးရှို့ဖျက်ဆီးကာ ပြည်သူများ၏ အသက်သေဆုံး စေသည်အထိ ရက်စက်သည့် အကြမ်းဖက်မှုများကို ကျူးလွန် လျက်ရှိပါသည်။ ထို့ပြင် PDF အကြမ်းဖက်သမားများ၏ မီးရှို့ ဖျက်ဆီးမှုများအား လုံခြုံရေးတပ်ဖွဲ့ဝင်များမှ မီးရှို့သည့်အသွင် ဖြင့် သတင်းအမှားများ၊ လုပ်ကြံသတင်းများကို ပြည်ဖျက်မီဒီ ယာများမှလည်း ထုတ်လွှင့်လျက်ရှိကြောင်း တွေ့ရှိရပါသည်။

အထက်ပါလုပ်ရပ်များကျူးလွန်ခဲ့သည့် အကြမ်းဖက် သမားများအား လုံခြုံရေးတပ်ဖွဲ့ဝင်များက လုံခြုံရေးလုပ်ငန်း စဉ်များနှင့်အညီ ဆက်လက်ဆောင်ရွက်လျက်ရှိကြောင်း သိရှိ ရပါသည်။

**(မြဝတီသတင်းစာ ၁၈-၂-၂၀၂၂)**

### ပုလဲမြို့နယ်၊ ဇီးဖြူကုန်းကျေးရွာ၌ PDF အကြမ်းဖက်သမားများက လာရောက်ပစ်ခတ်တိုက်ခိုက်ပြီး ၎င်းတို့ဆုတ်ခွာထွက်ပြေးစဉ် ပြည်သူများ၏ နေအိမ်များအား မီးရှို့ဖျက်ဆီးမှုကြောင့် မီးလောင်ကျွမ်းပျက်စီးသွားသည့် မှတ်တမ်းဓာတ်ပုံများ









- PDF အကြမ်းဖက်သမားများက ကျေးရွာရှိ အပြစ်မဲ့ပြည်သူတို့၏ နေအိမ်များအား မီးရှို့ဖျက်ဆီးမှုများကျူးလွန်ခဲ့။
- မီးရှို့လောင်ကျွမ်းမှုကြောင့် ကျေးရွာရှိနေအိမ် ၃၁ လုံး မီးလောင်ပျက်စီးဆုံးရှုံးခဲ့ပြီး အပြစ်မဲ့ပြည်သူလေးဦးတို့မှာ ၎င်းတို့၏ နေအိမ်များအတွင်း ပိတ်မိ၍ မီးလောင်ဒဏ်ရာများဖြင့် သေဆုံးခဲ့။
- ပုလဲမြို့နယ်အတွင်း PDF အကြမ်းဖက်အဖွဲ့များ၏ အကြမ်းဖက်လုပ်ရပ်များကြောင့် ထွက်ပြေးတိမ်းရှောင်နေရသည့် ဒေသခံပြည်သူများအား စစ်ကိုင်းတိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် တိုင်းမှူးတို့က စားသောက်ဖွယ်ရာနှင့် အသုံးအဆောင်ပစ္စည်းများ ထောက်ပံ့ပေးအပ်ခဲ့။

## ပုလဲမြို့နယ်အတွင်း PDF အကြမ်းဖက်အဖွဲ့များ၏ အကြမ်းဖက်လုပ်ရပ်များကြောင့် ထွက်ပြေးတိမ်းရှောင်နေရသည့် ဒေသခံပြည်သူများအား စားသောက်ဖွယ်ရာနှင့် အသုံးအဆောင်ပစ္စည်းများ ထောက်ပံ့ပေးအပ်နေသည့် မှတ်တမ်းဓာတ်ပုံများ











## ရေဦးမြို့နယ်၌ PDF အကြမ်းဖက်သမားများက သံဃာတော်တစ်ပါးအား ဖမ်းဆီးခေါ်ဆောင်၍ ရက်စက်စွာသတ်ဖြတ်

နိုင်ငံရေးအစွန်းရောက် အကြမ်းဖက်သမားများအနေဖြင့် နိုင်ငံတော်အတွင်း တည်ငြိမ်အေးချမ်းမှုပျက်ပြားစေရန်နှင့် ပြည်သူလူထုအကြား စိုးရိမ်ထိတ်လန့်မှုဖြစ်ပေါ်လာစေရန်ရည်ရွယ်၍ အကြမ်းဖက်ဖောက်ခွဲမှုများပြုလုပ်ခြင်း၊ လုပ်ကြံသတ်ဖြတ်ခြင်းများလုပ်ဆောင်လျက်ရှိသည့်အပြင် ဗုဒ္ဓဘာသာဝင် မြန်မာလူမျိုးများ၏ အထွဋ်အမြတ်ထားရာ သာသနာပိုင် အဆောက်အဦများကိုပါ အကြမ်းဖက်ပစ်ခတ်တိုက်ခိုက်ခြင်း၊ မိုင်းထောင်ဖောက်ခွဲခြင်းနှင့် ရဟန်းသံဃာတော်များအား ဖမ်းဆီးခေါ်ဆောင်၍ သတ်ဖြတ်ခြင်းများအား စိတ်နှလုံးညှိုးနွမ်းဖွယ်ရက်စက်စွာ ပြုလုပ်နေကြသည်ကို တွေ့ရှိရပါသည်။

ဖေဖော်ဝါရီလ ၁၄ ရက်တွင် စစ်ကိုင်းတိုင်းဒေသကြီး၊ ရေဦးမြို့နယ်၊ အင်တောကျေးရွာရှိ မင်းရွာမြောက်ဘုန်းတော်ကြီးကျောင်း၌ သီတင်းသုံးနေထိုင်လျက်ရှိသော ဆရာတော်ဦးစန္ဒော (ခ)ဦးစိန်မောင်း (၅၈)နှစ် ဝါတော်(၈)ဝါအား PDF အကြမ်းဖက် အဖွဲ့အင်အား ၅၀ ဦးခန့်က သေနတ်ကိုင်ဆောင် လူဝတ်လဲကာ ကြိုးများဖြင့် တုပ်နှောင်၍ ဖမ်းဆီးခေါ်ဆောင်သွားခဲ့ပါသည်။

လုံခြုံရေးတပ်ဖွဲ့ဝင်များပါဝင်သည့် ပူးပေါင်းအဖွဲ့က ဆရာတော်အား ပြန်လည်ကယ်တင်နိုင်ရေး နယ်မြေအတွင်း လိုက်လံပိတ်ဆို့ရှာဖွေစုံစမ်းခဲ့ရာ ဖေဖော်ဝါရီလ ၁၈ ရက်တွင် နှောကုန်းကျေးရွာအနီးရှိ မူးဘောင်ရေမြောင်းအတွင်း၌ ဆရာတော်အား လည်ပင်းတွင် ကြိုးချည်လျက်ဖြင့် တွေ့ရှိရပြီး PDF အကြမ်းဖက်အဖွဲ့၏ ရက်စက်စွာ သတ်ဖြတ်မှုကြောင့် နဖူးပြတ်ရှဒဏ်ရာ၊ လည်ပင်းပြတ်ရှဒဏ်ရာ၊ ယာနားထင်မှ ယာပါးအထိ ပြတ်ရှဒဏ်ရာများဖြင့် သေဆုံးနေသည်ကို ရှာဖွေတွေ့ရှိခဲ့ပါသည်။

ဗုဒ္ဓဘာသာဝင် မြန်မာလူမျိုးများ၏ အထွဋ်အမြတ်ထားရာ ရဟန်းသံဃာတော်များအား အကြမ်းဖက်သမားများ၏ ရက်စက်စွာရန်ပြုအကြမ်းဖက်မှုကြောင့် နိုင်ငံတော်အတွင်း နေရာအချို့တို့တွင် သာသနာ့နွယ်ဝင် သီလရှင် ၁ ပါးနှင့် သံဃာတော် ၂၃ ပါး ပျံလွန်တော်မူခဲ့ပြီး သံဃာတော် ၉ ပါးတွင် ဒဏ်ရာများအသီးသီးရရှိခဲ့ကြောင်း သိရှိရပါသည်။

အထက်ပါဖြစ်စဉ်တွင် ဆရာတော်အား ဖမ်းဆီးခေါ်ဆောင်၍ ရက်စက်လူမဆန်စွာ သတ်ဖြတ်ခဲ့သည့် အကြမ်းဖက်သမားများအား ဖော်ထုတ်ဖမ်းဆီးအရေးယူနိုင်ရေး လုံခြုံရေးတပ်ဖွဲ့ဝင်များက နယ်မြေခံတပ်မတော်စစ်ကြောင်းများနှင့် ပူးပေါင်း၍ လုံခြုံရေးလုပ်ငန်းစဉ်များနှင့်အညီ ဆက်လက်ဆောင်ရွက်လျက်ရှိကြောင်း သိရှိရပါသည်။

**(မြဝတီသတင်းစာ ၂၀-၂-၂၀၂၂)**

- **ရေဦးမြို့နယ်၊ အင်တောကျေးရွာရှိ မင်းရွာမြောက်ဘုန်းတော်ကြီးကျောင်း၌ သီတင်းသုံးနေထိုင်လျက်ရှိသော ဆရာတော်ဦးစန္ဒောအား PDF အကြမ်းဖက် အဖွဲ့အင်အား ၅၀ ဦးခန့်က သေနတ်ကိုင်ဆောင် လူဝတ်လဲကာ ကြိုးများဖြင့် တုပ်နှောင်၍ ဖမ်းဆီးခေါ်ဆောင်၍ ရက်စက်စွာသတ်ဖြတ်ခဲ့ရာ ဆရာတော်သည် နဖူးပြတ်ရှဒဏ်ရာ၊ လည်ပင်းပြတ်ရှဒဏ်ရာ၊ ယာနားထင်မှ ယာပါးအထိ ပြတ်ရှဒဏ်ရာများဖြင့် သေဆုံးခဲ့။**
- **ဗုဒ္ဓဘာသာဝင် မြန်မာလူမျိုးများ၏ အထွဋ်အမြတ်ထားရာ ရဟန်းသံဃာတော်များအား အကြမ်းဖက်သမားများ၏ ရက်စက်စွာရန်ပြုအကြမ်းဖက်မှုကြောင့် နိုင်ငံတော် အတွင်း နေရာအချို့တို့တွင် သာသနာ့နွယ်ဝင် သီလရှင် ၁ ပါးနှင့် သံဃာတော် ၂၃ ပါး ပျံလွန်တော်မူခဲ့ပြီး သံဃာတော် ၉ ပါးတွင် ဒဏ်ရာများအသီးသီး ရရှိခဲ့။**

# သထုံမြို့မဈေးအတွင်း PDF အကြမ်းဖက်သမားများက လက်လုပ်ချိန်ကိုက်မိုင်းဖြင့် ဖောက်ခွဲမှုကြောင့် အပြစ်မဲ့ပြည်သူများ ထိခိုက်ဒဏ်ရာရရှိ၍ ဈေးဆိုင်ခန်း အများအပြားပျက်စီး



ဖေဖော်ဝါရီလ ၁၈ ရက်တွင် မွန်ပြည်နယ်၊ သထုံမြို့ရှိ မြို့မဈေးအတွင်းသို့ PDF အကြမ်းဖက်သမားများက TNT ယမ်းပြင်းဖြင့် ပြုလုပ်ထားသည့် လက်လုပ်ချိန်ကိုက်မိုင်းဖြင့် ဖောက်ခွဲမှုကြောင့် ဈေးအတွင်း၌ ဈေးရောင်း/ဈေးဝယ်ပြုလုပ်နေကြသည့် အမျိုးသား ၄ ဦး၊ အမျိုးသမီး ၅ ဦး၊ စုစုပေါင်း ၉ ဦးတို့တွင် ဗုံးစထိမှန်ဒဏ်ရာများ ရရှိခဲ့ကြောင်းနှင့် မိုင်းပေါက်ကွဲမှုကြောင့် ဈေးဆိုင်ခန်း အများအပြားပျက်စီးဆုံးရှုံးခဲ့ပါသည်။

NUG အကြမ်းဖက်အဖွဲ့၏စေခိုင်းချက်အရ PDF အကြမ်းဖက်အဖွဲ့သည် အလုံးစုံပျက်သုဉ်းရေးဦးတည်ချက်များဖြင့် အချို့ဒေသများတွင် ပြည်သူများအား အကြောင်းပြချက်မျိုးစုံဖြင့် စွပ်စွဲသတ်ဖြတ်ခြင်း၊ နိုင်ငံပိုင်အဆောက်အဦများ၊ အများပြည်သူနှင့်သက်ဆိုင်သော ဆေးရုံများ၊ စာသင်ကျောင်းများ၊ နေအိမ်များနှင့် ဈေးများအား မိုင်းထောင်ဖောက်ခွဲခြင်းနှင့် မီးရှို့ဖျက်ဆီးခြင်း စသည့်အဖျက်အမှောင့်လုပ်ရပ်များကို ကျူးလွန်လျက်ရှိပါသည်။ ထိုသို့အကြမ်းဖက်လုပ်ရပ်များကို ပြည်သူများက ကြောက်ရွံ့ ရွံရှာမုန်းတီးလျက်ရှိပြီး ၎င်းအကြမ်းဖက်အဖွဲ့များ အမြန်ဆုံးဖမ်းဆီးရမိရေးနှင့် ထိရောက်ပြင်းထန်စွာ အရေးယူဆောင်ရွက်ရန် လိုလားလျက်ရှိပါသည်။

အဆိုပါ မိုင်းပေါက်ကွဲမှုကြောင့် လုံခြုံရေးတပ်ဖွဲ့ဝင်များနှင့် တာဝန်ရှိသူများက ထိခိုက်ဒဏ်ရာရရှိသူများအား သထုံခရိုင်ဆေးရုံကြီးသို့ ပို့ဆောင်ဆေးကုသမှုခံယူစေလျက်ရှိကြောင်းနှင့် လုံခြုံရေးလုပ်ငန်းများ တိုးမြှင့်ဆောင်ရွက်လျက်ရှိကြောင်း သိရှိရပါသည်။

**(မြဝတီသတင်းစာ ၁၉-၂-၂၀၂၂)**

- **PDF အကြမ်းဖက်သမားများက သထုံမြို့ရှိ မြို့မဈေးအတွင်းသို့ ဗုံးခွဲတိုက်ခိုက်မှုကြောင့် ဈေးဆိုင်ခန်းများ ပျက်စီးဆုံးရှုံးခဲ့ပြီး ဈေးရောင်း/ဈေးဝယ်လာသူ အပြစ်မဲ့ပြည်သူ ၉ ဦး ထိခိုက်ဒဏ်ရာရရှိခဲ့။**

# အကြမ်းဖက်အုပ်စုအဖြစ်ကြေညာထားသော CRPH၊ NUG နှင့် ယင်းတို့၏ လက်ဝေခံများ၏ လှုံ့ဆော်၊ ဝါဒဖြန့်ခြင်းများအား လိုက်ပါလုပ်ဆောင်ခြင်း၊ အကြမ်းဖက်လုပ်ရပ်များ အားပေးကူညီခြင်း ပြုလုပ်ခဲ့သူများအား ဆက်လက်ဖော်ထုတ်အရေးယူ

အကြမ်းဖက်အုပ်စုအဖြစ်ကြေညာထားသော CRPH၊ NUG နှင့် ယင်းတို့၏ လက်အောက်ခံ အဖွဲ့အစည်းများ၏ လှုံ့ဆော်မှု၊ ဝါဒဖြန့်မှုများအပေါ် လိုက်ပါမလုပ်ဆောင်ရန် တားမြစ်ထားသော်လည်း နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန် ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများ ပြုမူလုပ်ဆောင်ခဲ့ပြီး အကြမ်းဖက်လုပ်ရပ်များကို အားပေးလုပ်ဆောင်ခဲ့သဖြင့် တရားဥပဒေနှင့်အညီ ဖမ်းဆီးအရေးယူခြင်းများ ဆက်လက်ဆောင်ရွက်လျက်ရှိရာ -

- ဖေဖော်ဝါရီလ ၁၆ ရက်တွင် ရန်ကုန်တိုင်းဒေသကြီး၌ ၂ ဦး၊ ဖေဖော်ဝါရီလ ၁၇ ရက်တွင် ရန်ကုန်တိုင်းဒေသကြီး၌ ၁ ဦး၊ ဖေဖော်ဝါရီလ ၁၈ ရက်တွင် ကချင်ပြည်နယ်၌ ၃ ဦး၊ စစ်ကိုင်းတိုင်းဒေသကြီးတွင် ၁ ဦးနှင့် ဖေဖော်ဝါရီလ ၁၉ ရက်တွင် ကချင်ပြည်နယ်၌ ၁ ဦး၊ မန္တလေးတိုင်းဒေသကြီး၌ ၄ ဦး စုစုပေါင်း ၁၂ ဦးတို့ကို ဖမ်းဆီးခဲ့။
- ဇန်နဝါရီလ ၂၇ ရက်မှ ဖေဖော်ဝါရီလ ၁၉ ရက်ထိ စုစုပေါင်း ၂၂၈ ဦးအား ဥပဒေနှင့်အညီ အရေးယူထားပါသည်။

ထိုသို့လှုံ့ဆော်သူ၊ ဝါဒဖြန့်သူများအား ဆက်လက်ဖော်ထုတ်ကာ ဥပဒေနှင့်အညီ ထိရောက်စွာ အရေးယူသွားမည်ဖြစ်ကြောင်း သိရှိရပါသည်။

**(မြဝတီသတင်းစာ ၂၀-၂-၂၀၂၂)**

- **ဖေဖော်ဝါရီလ ၁၆ ရက်မှ ၁၉ ရက်ထိ တိုင်းဒေသကြီး ၃ ခုနှင့် ပြည်နယ် ၁ ခု၌ စုစုပေါင်း ၁၂ ဦးဖမ်းဆီးခဲ့။**
- **ဇန်နဝါရီလ ၂၇ ရက်မှ ဖေဖော်ဝါရီလ ၁၆ ရက်ထိ စုစုပေါင်း ၂၂၈ ဦးအား ဥပဒေနှင့်အညီ အရေးယူထား။**